# ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့ တင်သွင်းသည့် မြန်မာနိုင်ငံ အရပ်ဖက်အဖွဲ့အစည်းများ၏ UPR အစီရင်ခံစာ (၂၀၂၀ ခုနှစ်)

တတိယဖြတ် ကာလစက်ဝန်း

၃၇ ကြိမ်မြောက် UPR လုပ်ငန်းအဖွဲ့

ဇန်နဝါရီလ/ဖေဖော်ဝါရီလ ၂၀၂၁ ခုနှစ်



## Burma/Myanmar UPR ဖိုရမ်

# ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့ တင်သွင်းသည့် မြန်မာနိုင်ငံ အရပ်ဖက်အဖွဲ့အစည်းများ၏ UPR အစီရင်ခံစာ (၂၀၂၀)

တတိယဖြတ် ကာလစက်ဝန်း

၃၇ ကြိမ်မြောက် UPR လုပ်ငန်းအဖွဲ့

ဇန်နဝါရီလ/ဖေဖော်ဝါရီလ ၂၀၂၁ ခုနှစ်

Burma/Myanmar UPR ဖိုရမ်က တင်ပြသည်။

(Access to Justice Initiative, Association of Human Rights Defenders and Promoters, Assistance Association for Political Prisoners (Burma), Athan, Civil Authorize Negotiate Organization, Equality Myanmar, Free Expression Myanmar, Gender Equality Network, Generation Wave, Genuine People’s Servants, Harmony Youth Association, Htoi Gender and Development Foundation, Justice for All, Karen Human Rights Group, Metta Campaign, Mon State Women and Children Upgrade Centre, Myan ICT for Development Organization, Myanmar LGBT Rights Network, Myanmar Physically Handicapped Association (Momauk), Myanmar Positive Women Network, PEN Myanmar, Promotion of Indigenous and Nature Together, Tavoyan Women Union,  The Seagull: Human Rights, Peace & Development, Smile Myanmar, United Women, Women’s League of Burma, Women Organization Network (Kayin state), Zwekabin Image)

ဖုန်း - (၉၅) ၄၄၈၀၁၅၃၀၆

အီးမေး - info@equalitymyanmar.org

ဝက်ဘ်ဆိုက် - www.equalitymyanmar.org

## အတိုကောက် စကားလုံးများစာရင်း

- ACC - အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (Anti-Corruption Commission)
- BGF - နယ်ခြားစောင့်တပ်
- CAT - ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေးသဘောတူစာချုပ်
- CED - အဓမ္မ ခြေရာဖျောက်ခံရမှုများဆိုင်ရာ သဘောတူစာချုပ်
- CEDAW - အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပေါင်းစုံပပျောက်ရေး သဘောတူစာချုပ်
- CERD - လူမျိုးရေးခွဲခြားမှုပေါင်းစုံ ပပျောက်ရေး သဘောတူစာချုပ်
- CPU - အဂတိတိုက်ဖျက်ရေးအဖွဲ့
- CRC - ကလေးသူငယ်အခွင့်အရေး သဘောတူစာချုပ်
- CCRCFOL - အသိမ်းခံမြေယာများနှင့် အခြားမြေများအား စိစစ်စစ်ဆေးရေးအတွက် ဗဟို ကော်မတီ
- CRPD - မသန်စွမ်းသူများအခွင့်အရေး သဘောတူစာချုပ်
- CSO - အရပ်ဖက်လူမှုအဖွဲ့အစည်း
- DKBA - ကရင်ဗုဒ္ဓ ဒီမိုကရက်တစ် တပ်
- EAG - တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
- FPIC - လွတ်လပ်သော၊ ကြိုတင်ဖြစ်သောနှင့် အသိပေးပြီး သဘောတူညီမှုရယူခြင်း
- HRC - လူ့အခွင့်အရေးကောင်စီ
- ICCPR - နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေး သဘောတူစာချုပ်
- ICESCR - နိုင်ငံတကာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေး သဘောတူစာချုပ်
- ICRMW - နိုင်ငံတကာ ရွှေ့ပြောင်းအလုပ်သမားများအခွင့်အရေး သဘောတူစာချုပ်
- IDP - ပြည်တွင်းနေရပ်အိုးအိမ်စွန့်ခွာရသည့် စစ်ဘေးတိမ်းရှောင် ဒုက္ခသည်များ
- IIFM - မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာ လွတ်လပ်သော အချက်အလက်ရှာဖွေရေး မစ်ရှင်အဖွဲ့
- IIMM - မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား အဖွဲ့
- IPs - ဌာနေတိုင်းရင်းသားများ
- LGBTI - လိင်စိတ်တိမ်းညွှတ်မှု/လိင်ဝိသေသလက္ခဏာ ခံယူဖော်ပြမှုကွဲပြားသူများ
- MoU - သဘောတူညီမှုလက်မှတ်ရေးထိုးခြင်း
- NCA - တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်
- NLD - အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်
- NSPAW - အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားမဟာဗျူဟာ အစီအစဉ်
- OCHA - လူသားချင်းစာနာထောက်ထားမှုအရေး ညှိနှိုင်းရေးရုံး
- PoVAW - အမျိုးသမီးများအား အကြမ်းဖက်မှုတားဆီးကာကွယ်ရေး
- SMMT - လူမှုသတင်းမီဒီယာ စောင့်ကြည့်လေ့လာရေးအဖွဲ့
- SOGIE - လိင်စိတ်တိမ်းညွှတ်မှု၊ လိင်ဝိသေသခံယူမှု သို့မဟုတ် လိင်ဝိသေသဖော်ပြမှု
- TNLA - တအောင်း အမျိုးသားလွတ်လပ်ရေးတပ်
- UNDRIP - ဌာနေတိုင်းရင်းသားများ၏အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ ကြေညာစာ တမ်း
- UPR - နိုင်ငံပေါင်းစုံ အချိန်ကာလဖြတ်အလိုက် လူ့အခွင့်အရေးသုံးသပ်ဆန်းစစ်ချက်
- UN - ကမ္ဘာ့ ကုလသမဂ္ဂ
- VFN - မြေလွတ်၊ မြေလပ် နှင့် မြေရိုင်း

# မာတိကာ


အတိုကောက် စကားလုံးများစာရင်း ------------------------------------------ 2

မိတ်ဆက် ---------------------------------------------------------- 4

နိုင်ငံတကာ လူ့အခွင့်အရေးယန္တရားများအား အတည်ပြုခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း အခြေအနေ ------- 5

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် စုဝေးစီတန်းခွင့် ------------------------------------ 6

ဘာသာရေးနှင့် သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့် --------------------------------------- 7

နိုင်ငံသားဖြစ်မှု ---------------------------------------------------- 8

လက်နက်ကိုင် ပဋိပက္ခနှင့် ငြိမ်းချမ်းရေး ------------------------------------------ 9

ကျား၊ မ၊ အခြား စသည့် ဂျန်ဒါရေးရာနှင့် လိင်စိတ်တိမ်းညွတ်မှု/ လိင်ဝိသေသခံယူဖော်ပြမှု ကွဲပြားသူဆိုင်ရာ ပြဿနာများ ----------------------------------------------------- 12

လူကုန်ကူးမှု ----------------------------------------------------- 14

မြေယာပြဿနာ ---------------------------------------------------- 15

နိုင်ငံရေးအကျဉ်းသားများ၊ မတရားဖမ်းဆီးခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်း -------------------------- 17

အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် တရားစီရင်ရေးစနစ် ------------------------------------ 18

မသန်စွမ်းသူများ အခွင့်အရေး --------------------------------------------- 20


Design & Layout: MS 2020.

# မိတ်ဆက်

၁။ Burma/Myanmar UPR ဖိုရမ်သည် မြန်မာနိုင်ငံအတွင်းရှိ လူ့အခွင့်အရေးများကို ကောင်းမွန်အောင် မြှင့်တင်ရန် ဆောင်ရွက်နေသော အရပ်ဖက်လူမှုအဖွဲ့အစည်းပေါင်း ၂၉ ဖွဲ့တို့နှင့် ဖွဲ့စည်းထားသည့် မဟာမိတ်အဖွဲ့ ဖြစ်ပါသည်။ ၂၀၁၀ ပြည့်နှစ် စတင်တည်ထောင် ခဲ့စဉ်က ဖိုရမ်သည် မြန်မာနိုင်ငံ၏ ပထမအကြိမ်နှင့် ဒုတိယအကြိမ် UPR စက်ဝန်းများအတွက် ညှိနှိုင်းပေါင်းပါဝင် သက်ဆိုင်သူ အစီရင်ခံစာများကို ပူးပေါင်းတင်ပြခဲ့သည်။ ဖိုရမ်သည် မိမိတို့လုပ်ငန်းများကြောင့် တာဝန်ယူမှု တာဝန်ခံမှု ဖြစ်ပေါ်စေရန် မျှော်မှန်း၍ မြေပြင်အခြေအနေရှိ လူ့အခွင့်အရေးများကို စောင့်ကြပ် ကြည့်ရှုပါသည်။

၂။ ဒုတိယဖြတ်ကာလ စက်ဝန်းတွင် မြန်မာနိုင်ငံသည် အကြံပြုချက်ပေါင်း ၂၈၁ ခု လက်ခံရရှိခဲ့ပြီး ၁၆၆ ခုတို့ကို "လက်ခံ" ခဲ့ကာ ၁၅ ခု ကို "မှတ်သား" ခဲ့သည်။ မြန်မာနိုင်ငံ၏ နောက်ဆုံး သုံးသပ် ဆန်းစစ်ချက် ပြီးဆုံးပြီးနောက် အပြုသဘောဆောင်သည့် အပြောင်းအလဲ အနည်းငယ်သာ ဖြစ်ပေါ်သေးပြီး ၎င်း၏ လူ့အခွင့်အရေးမှတ်တမ်းများသည် တိမ်ကောလျက်ရှိဆဲ ဖြစ်သည်။

၃။ လက်နက်ကိုင်ပဋိပက္ခများ ပိုမိုမြင့်တက်လာခဲ့သည်။ လက်ရှိတွင် မြန်မာ့စစ်ဖက် *တပ်မတော်*နှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့ (EAG) များ၏ ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ် တို့တွင် ဆက်လက်တိုက်ခိုက်မှုများ ဖြစ်ပေါ်နေပြီး အရပ်သား နေရပ်စွန့်ခွာရမှုများနှင့် ထိခိုက်ဒဏ်ရာရမှုများ ရှိနေသည်။ လူမျိုးတုံး သတ်ဖြတ်မှုများ၊ လူသားမဆန်စွာ ကျူးလွန်သော ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများ အပေါ်စွပ်စွဲချက်များ အပါအဝင် တိုင်းရင်းသားများနှင့် ဘာသာရေးလူနည်းစုများ၏ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို အမိအရ မှတ်တမ်းတင် နိုင်ခဲ့သည်။

၄။ ၂၀၁၅ ခုနှစ်တွင် အရပ်သားအစိုးရကို ရွေးကောက် တင်မြှောက်နိုင်ခဲ့သော်လည်း အရပ်ဖက် လူထုရပ်ဝန်းနေရာမှာ မကျယ်ပြန့်လာခဲ့ပါ။ ငြိမ်းချမ်းသော စေ့စပ်ပြောဆိုခြင်း၊ ဘာသာပေါင်းစုံ စည်းလုံးရေး၊ ကျား၊ မ၊ အခြား စသည့် ဂျဲန်ဒါတန်းတူညီမျှမှုနှင့် လူ့အခွင့်အရေးအတွက် စည်းရုံးညှိနှိုင်း လှုံ့ဆော်သူများသည် ဖမ်းဆီးခံ၊ အကျဉ်းချခံရပြီး နိုင်ငံတော်၏ လုံခြုံရေးတပ်ဖွဲ့များသည်လည်း ယခင် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွက် တာဝန်ခံမှုမရှိပါ။ တရားဥပဒေစိုးမိုးမှု အားနည်းခြင်း၊ တရားရေး လွတ်လပ်မှု မရှိခြင်းနှင့် အကျင့်ပျက် ခြစားခြင်းတို့သည် အခွင့်အာဏာ ကြီးမားသူများအတွက် အပြစ်ပေးခံရခြင်းမှ လွတ်မြောက်ခြင်းကို ဆက်လက် ဖြစ်ပေါ်နေစေသည်။

၅။ ဤအစီရင်ခံစာသည် အဓိက လူ့အခွင့်အရေး ပြဿနာ ၁၁ မျိုးတို့ကို ဖော်ပြထားပြီး ချိုးဖောက်မှုများ၊ အကာအကွယ်ပေးရာတွင် လစ်လပ်ချက်များနှင့် အမျိုးမျိုးသော လူ့အခွင့်အရေး ရောင်စဉ်တန်း တစ်ခုလုံးတွင် ယိုယွင်းပျက်စီးနေသော အခြေအနေများကို မီးမောင်းထိုး ပြထားသည်။ ဖိုရမ်သည် မြန်မာနိုင်ငံအစိုးရ အနေဖြင့် ၎င်း၏ နယ်နိမိတ်အတွင်းရှိ ပြည်သူများ အားလုံးအတွက် နိုင်ငံတကာ လူ့အခွင့်အရေး လိုက်နာရန် တာဝန်ရှိမှုများနှင့် အညီ ပြည့်မီအောင် လိုက်နာရန်အတွက် ၎င်းထံသို့ အကြံပြုချက်များကို တင်ပြပေးသည်။[1]

1 ဤအစီရင်ခံစာကို မြန်မာနိုင်ငံအတွင်း COVID-19 ကြောင့် လူ့အခွင့်အရေးအပေါ် ထိခိုက်သက်ရောက်မှုများအား အပြည့်အဝ မခံစားရသေးခင် သို့မဟုတ် နားမလည်သေးခင် ကာလ ၂၀၂၀ ပြည့်နှစ် အစောပိုင်းတွင် ရေးသားခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံသည် ဗိုင်းရပ်စ်ပိုး ကူးစက်ပြန့်ပွားမှုကို ရှာဖွေစမ်းသပ်ရန်နှင့် စောင့်ကြည့်ထိန်းသိမ်းရန် လုံလောက်စွာ ဆောင်ရွက်မှု မရှိသေးပါ။ ထို့အပြင် အစိုးရအာဏာပိုင်များသည် "လူနေမှုဘဝပုံစံနှင့် အစားအသောက်" သည် နိုင်ငံသားများအား ရောဂါပိုး မကူးစက်အောင် ကာကွယ်ပေးနိုင်သည်ဟူသော မှားယွင်းသည့် အယူအဆ အပါအဝင် အမျိုးသားရေးဝါဒနှင့် ချွင်းချက်ဝါဒ တို့ဖြင့် အမြစ်တွယ်နေသော သတင်းအချက်အလက် အမှားများကို ဖြန့်ဝေခဲ့သည်။ မြန်မာနိုင်ငံ၏ COVID-19 ကပ်ရောဂါကို တိုက်ဖျက်ရန် "တစ်နိုင်ငံလုံး" ချဉ်းကပ် လုပ်ဆောင်မှုသည် ဗုဒ္ဓ ဘာသာ ဗမာလူမျိုး အများစု အပြင် အခြားအုပ်စုများသို့ ဖြန့်ကျက်မှု ရှိပုံမရပါ။ စစ်တပ်သည် တိုင်းရင်းသား လူနည်းစု ပြည်နယ်များတွင် စစ်မက်များ ဆက်လက် တိုက်နေပြီး ကပ်ရောဂါအတွင်း အပစ်အခတ်ရပ်စဲရန် ပြည်တွင်းနှင့် နိုင်ငံတကာမှ တောင်းဆိုမှုများကို ငြင်းပယ်ခဲ့သည်။ အင်တာနက်ဖြတ် တောက်မှုများ၊ သတင်းမီဒီယာ ပိတ်ဆို့မှုများနှင့် အထောက်အပံ့ ပိတ်ဆို့မှုများသည် ပြည်သူများအား အရေးကြီးသော အများပြည်သူ ကျန်းမာရေးသတင်း အချက်အလက်များနှင့် ပြတ်တောက်စေပြီး ထောင်ပေါင်းများစွာသော ပြည်သူများအား ရောဂါကူးစက်နိုင်ချေ အန္တရာယ် မြင့်မားသော လူထူထပ်သည့်၊ သန့်ရှင်းမှု မရှိသည့် အိုးအိမ် စွန့်ခွာရသူ ဒုက္ခသည်စခန်းများသို့ အရောက်ပို့နေသည်။ ဤအစီရင်ခံစာတွင် ပါဝင်သော တွေ့ရှိချက်များနှင့် အကြံပြုချက် များအပြင် ဤ UPR ကာလဖြတ်တွင် COVID-19 ကြောင့် မြန်မာနိုင်ငံရှိ ကျန်းမာရေး၊ ဘေးကင်း လုံခြုံမှုနှင့် လူမှုဘဝ စသည့် လူ့အခွင့်အရေးများ အားလုံးကို ထည့်သွင်း စဉ်းစားသင့်သည်။

## နိုင်ငံတကာ လူ့အခွင့်အရေး ယန္တရားများအား အတည်ပြုခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း အခြေအနေ

၆။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး အဓိက သဘောတူပဋိညာဉ်စာချုပ် ၉ ခုရှိသည့် အနက် မြန်မာနိုင်ငံသည် ၄ ခုကို အတည်ပြုပြီး ဖြစ်သည်။ ICESCR ကို ၂၀၁၇ ခုနှစ်တွင် အတည်ပြုခဲ့ ပြီး CRC-OP-AC နောက်ဆက်တွဲစာချုပ်ကို ၂၀၁၉ ခုနှစ်တွင် အတည်ပြုခဲ့သည်။

## ကုလသမဂ္ဂ ဌာနများနှင့် ယန္တရားများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း

၇။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအထူးလုပ်ထုံးလုပ်နည်းများနှင့် ပူးပေါင်းလုပ်ဆောင်ခဲ့ ခြင်း မရှိပဲ UPR ဒုတိယ ဖြတ်ကာလ စက်ဝန်းကတည်းက နိုင်ငံသို့ လာရောက်ခြင်း မရှိခဲ့ပါ။ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ၎င်းသည် ကုလသမဂ္ဂ မြန်မာနိုင်ငံအတွက် လူ့အခွင့်အရေးအထူးအစီရင်ခံ ကိုယ်စားလှယ် ယန်ဟီးလီးအား ဘက်လိုက်မှုရှိကြောင်း စွပ်စွဲခဲ့ ပြီး နိုင်ငံသို့ ပြန်လည်လာရောက်ခွင့် တားမြစ်ခဲ့သည်။

၈။ ၂၀၁၇ ခုနှစ် မတ်လတွင် လူ့အခွင့်အရေးကောင်စီသည် လုံခြုံရေးတပ်ဖွဲ့များ၏ လူ့အခွင့်အရေး ချိုးဖောက်မှု စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးရန် လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင်အဖွဲ့ကို အတည်ပြုခဲ့သည်။ အစိုးရမှ ၎င်းကို ပိတ်ဆို့ခဲ့သော်လည်း ၎င်းသည် ထိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံများရှိ ဒုက္ခသည်စခန်းများသို့ သွားရောက်ခဲပြီး ရှင်သန်လွတ်မြောက်လာသူများနှင့် အင်တာဗျူး မေးမြန်းမှုများ အကျယ်တဝင့် ပြုလုပ်ခဲ့သည်။ ၎င်းကတည်းမှ စ၍ သတင်း အချက်အလက်များကို တာဝန်ခံမှုရှိစေရေး ကြိုးပမ်းဆောင်ရွက်ချက်များတွင် အထောက်အကူ ပြုရန် မြန်မာနိုင်ငံအတွက် လွတ်လပ်သောစုံစမ်းစစ်ဆေးရေး ယန္တရား (IIMM) မှ သိမ်းဆည်းထားသည်။

## နိုင်ငံတကာ တရားရုံးများ

၉။ ဂမ်ဘီယာနိုင်ငံသည် နိုဝင်ဘာလ ၂၀၁၉ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ၌ မြန်မာနိုင်ငံတွင် ရိုဟင်ဂျာလူမျိုးများအား ရက်စက်စွာ သတ်ဖြတ်မှုများ ကျူးလွန်ခဲ့ ပြီး လူမျိုးတုံးသတ်ဖြတ်မှု ရာဇဝတ်မှုများအား ကာကွယ်ရေးနှင့် အပြစ်ပေးရေး သဘောတူစာချုပ် အောက် ၎င်း၏ လိုက်နာရန် တာဝန်ရှိမှုများကို ချိုးဖောက်သည်ဟု စွပ်စွဲချက်ဖြင့် အမှုဖွင့်ခဲ့သည်။ တရားရုံးသည် ဇန်နဝါရီလ ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံအား ရိုဟင်ဂျာ လူနည်းစုအပေါ် လူမျိုးတုံးသတ်ဖြတ်မှုများအား တားဆီးရန်၊ ကာကွယ်ရန်၊ ချက်ချင်းအရေးယူ ဆောင်ရွက်ချက်များ ပြုလုပ်ရန်နှင့်၊ လူမျိုးတုံးသတ်ဖြတ်မှု တရားခွင်ကြားနာသည့် ကာလအတွင်း တရားရုံးထံသို့ ကာလဖြတ်အလိုက် အစီရင်ခံသွားရန် မိန့်ကြားခဲ့သည်။

၁၀။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံး (ICC) သည်လည်း ၎င်း၏ ကနဦး စုံစမ်းစစ်ဆေးချက် ပြီးမြောက်ခဲ့ ပြီး ခိုင်လုံသော သက်သေများ ရှာဖွေတွေ့ရှိခဲ့ကာ ၎င်းသည် အဖွဲ့ဝင်နိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ဖြစ်ပေါ်သော ရာဇဝတ်မှုများအား တရားစီရင်ထုံးဖွဲ့ရေး ဖော်ဆောင်ဖွဲ့စည်းခဲ့သည်။

## လာမည့် UPR ကာလဖြတ်စက်ဝန်း အတွက် ကျွန်ုပ်တို့သည် အောက်ပါတို့ကို အကြံပြုသည်။

- လက်ခံထားသော အကြံပြုချက်များ အလိုက် ICCPR၊ CAT နှင့် CERD တို့ကို အတည်ပြုရန်။
- ကုလသမဂ္ဂလူ့အခွင့်အရေးဌာနများနှင့် ယန္တရားများ၊ အထူးသဖြင့် အထူးအစီရင်ခံ ပုဂ္ဂိုလ်နှင့် IIMM တို့နှင့် အပြည့်အဝ ပူးပေါင်းလုပ်ဆောင်ရန်။
- ICJ မှ ပြဋ္ဌာန်းသော အရေးယူဆောင်ရွက်ချက်များအား လိုက်နာဆောင်ရွက်ခြင်းကို စောင့်ကြည့်မည့်

ဘက်ပေါင်းစုံမှ ဆက်စပ် ပါဝင်သက်ဆိုင်သူများ ပါဝင်သော လုပ်ငန်းအဖွဲ့အား ဖန်တီးဖော်ဆောင်ရန်နှင့် အထောက်အပံ့ ပေးရန်။

## လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် စုဝေးစီတန်းခွင့်

၁၁။ UPR ဒုတိယ ကာလဖြတ်စက်ဝန်း အတွင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သက်ဆိုင်သော အကြံပြုချက် ၁၆ ချက် ရှိသော်လည်း မြန်မာနိုင်ငံသည် ၈ ခု တို့ကိုသာ ထောက်ခံခဲ့ကာ အများစုတို့ကို အကောင်အထည် ဖော်ရဦးမည် ဖြစ်သည်။

၁၂။ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေသည် သတင်းအချက်အလက် လွတ်လပ်ခွင့်ကို ချိုးဖောက်သည့် ပုံစံဖြင့် အစိုးရအား သတင်းအချက်အလက်များနှင့် မှတ်တမ်းများကို အချိန် နှစ် ၃၀ တိုင်အောင် လျှို့ဝှက်သတင်းအချက်အလက်များဖြင့် ထိန်းသိမ်းခွင့် ပေးထားသည်။

၁၃။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးနှင့် လုံခြုံရေးကို အကာအကွယ်ပေးရေး ဥပဒေသည် ရဲတပ်ဖွဲ့နှင့် ၎င်း၏ "အထူးတပ်ဖွဲ့" (Special Branch) အနေဖြင့် နိုင်ငံသားများအား ထောက်လှမ်းရေး မပြုလုပ်နိုင်ရန် ကာကွယ်ပေးသော်လည်း လက်တွေ့ ကျင့်သုံးသည်မှာ ရှားသည်။

၁၄။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ၎င်းအနေဖြင့် "အန္တရာယ်ရှိသော စကားများ" နှင့် ထိခိုက်နိုင်သော အကြောင်းအရာများကို တားဆီးကာကွယ်ရန် လူမှုသတင်းမီဒီယာ စောင့်ကြည့်ရေးအဖွဲ့ကို တည်ထောင်လိုက်သည်ဟု ကြေညာခဲ့သော်လည်း ၎င်းတို့အနေဖြင့် "အမုန်းစကား" ကို မည်သို့ အဓိပ္ပါယ်ဖွင့်ဆိုသည်နှင့် အကျိုးအကြောင်း ခိုင်လုံသော ထုတ်ဖော် ပြောဆိုချက်များကို ပစ်မှတ်ထား အရေးယူသွားရန် စီစဉ်နေခြင်း ရှိမရှိ စသည်တို့ အပေါ် မည်သည့် ပွင့်လင်းမြင်သာသော သတင်း အချက် အလက်မျှ မရှိပါ။

၁၅။ လွန်ခဲ့သော လေးနှစ်အတွင်း တစ်သီးပုဂ္ဂလပေါင်း ၁,၀၅၁ ဦး တို့ကို လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်နှင့် စုဝေးစီတန်းခွင့်တို့ကို ကျင့်သုံးခဲ့သဖြင့် အမှုပေါင်း ၅၃၉ တို့ဖြင့် တရားစွဲဆိုခဲ့သည်။ ၎င်းတို့တွင် *တပ်မတော်*အား အကြည်ညိုပျက်စေသည်ဟု စွပ်စွဲခံရသည့် ခနဲ့သရော်သူများ၊ အစုလိုက်အပြုံလိုက် ရက်စက်စွာ သတ်ဖြတ်မှုများတို့ကို ဖော်ထုတ်သည့် သတင်းဂျာနယ်သမားများ၊ မွန်ပြည်နယ်ဝန်ကြီးကို ဂုဏ်သိက္ခာ ထိပါးအောင် အသရေဖျက်သည်ဟု စွပ်စွဲခံရမှုဖြင့် နိုင်ငံရေး တက်ကြွသူများ၊ စစ်မက်ဆန့်ကျင်ရေး ဆန္ဒပြများ - အထူးသဖြင့် ကချင်နှင့် ရခိုင်ပြည်နယ်တို့တွင် - ကျင်းပသည့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ စသည်တို့ ပါဝင်သည်။

၁၆။ ၂၀၁၉ ခုနှစ် ဇွန်လတွင် မြန်မာအစိုးရသည် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်ရှိ မြို့နယ် ၉ ခုတို့တွင် အင်တာနက် ဖြတ်တောက်ရန် မိန့်ကြားခဲ့ပြီး သက်ရောက်ခံရသော လူမှုအသိုင်းအဝိုင်းများ အတွက် အန္တရာယ်များ ဖြစ်ပေါ်စေခဲ့ကာ၊ ၎င်းတို့အနေဖြင့် လက်နက်ကိုင်ပဋိပက္ခများနှင့် တစ်ကမ္ဘာလုံးဆိုင်ရာ COVID-19 ကပ်ရောဂါကာလ အတွင်း ဘေးကင်းလုံခြုံအောင် နေထိုင်ရန် လုပ်ဆောင်ပေးနိုင်ချေ ရှိသည့် အရေးကြီးသော သတင်းအချက်အလက်များနှင့် ကင်းကွာစေခဲ့သည်။

၁၇။ အာဏာပိုင်များသည် အရပ်ဖက် လူမှုအဖွဲ့အစည်းများ၏ လုပ်ငန်းများ၊ သင်တန်းများအား နှောင့်ယှက်ရန်နှင့် အရေးကြီးသော လူ့အခွင့်အရေး ပြဿနာများဆိုင်ရာ အများပြည်သူ ဆွေးနွေးချက်များ/ စေ့စပ်ပြောဆိုချက်များကို ဟန့်တားရန် ဗျူရိုကရက်တစ် အာဏာရှင်ဆန်သော လုပ်ထုံးလုပ် နည်းများကို အသုံးပြုသည်။

### လာမည့် UPR ကာလဖြတ်စက်ဝန်း အတွက် ကျွန်ုပ်တို့သည် အောက်ပါတို့ကို အကြံပြုသည်။

- ၎င်းတို့ချည်းသာ ဖြစ်ရမည်ဟု ကန့်သတ်မထားသော်လည်း အပါအဝင်ဖြစ်သည့်- သတင်း အချက်အလက် ဆက်သွယ်ရေးဥပဒေ၊ သတင်းမီဒီယာဥပဒေ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ရေးဥပဒေ၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးရာနှင့် လုံခြုံမှု အကာအကွယ်ပေးရေး

ဥပဒေ၊ မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်အက်ဥပဒေနှင့် ရာဇသတ်ကြီးပုဒ်မ စသည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်သည့် ဥပဒေများ အားလုံးကို ပြင်ဆင်ရန် သို့မဟုတ် ပယ်ဖျက်ရန်။

- ယင်းသို့ ဖိနှိပ်သော ဥပဒေများအောက်တွင် အကျဉ်းချခံထားရသော နိုင်ငံရေး အကျဉ်းသားများအား ပြစ်ဒဏ်များမှ ကင်းလွတ်ပေးရန်နှင့် လွှတ်ပေးရန်။
- နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ၊ ဆန္ဒထုတ်ဖော်သူများ၊ စာနယ်ဇင်းသမားများနှင့် လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်သူများ၏ အကြောင်းရင်း ခိုင်လုံသော ထုတ်ဖော်ပြောဆိုချက်များကို ခြိမ်းခြောက်မှုများ၊ ထိပါးနှောင့်ယှက်မှုများနှင့် ဖိနှိပ်ခြယ်လှယ်ခြင်းများ အသုံးပြုပြီး အသံတိတ်စေခြင်း ကို ရပ်တန့်ရန်။
- အသရေဖျက်မှုကို နိုင်ငံတကာ စံချိန်စံနှုန်းများနှင့်အညီ ပြစ်မှုအဖြစ် သတ်မှတ်ခြင်းမှ ပယ်ဖျက်ရန်။
- အစိုးရ၏ "လူမှုသတင်းမီဒီယာ လေ့လာစောင့်ကြည့်ရေး" သည် ပွင့်လင်းမြင်သာမှု ရှိရမည်။ ၎င်းသည် လူအများ၏ အခြေခံလွတ်လပ်ခွင့်များကို ထိခိုက်မှုမရှိစေကြောင်းနှင့် မတူကွဲပြားသော အယူဝါဒများကို ဖိနှိပ်ရန် ဖော်ဆောင်ထားသော နောက်ထပ် ကိရိယာတစ်ခု မဖြစ်ကြောင်း သေချာအောင် သက်ဆိုင်ရာ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးရန် လိုအပ်သည်။
- ဒီဂျစ်တယ် အသိပညာအတွက် မူဝါဒဖော်ဆောင်ပြီး တိုင်းရင်းသားနှင့် ဘာသာရေး လူနည်းစုများ အပေါ် အမုန်းတရားနှင့် အကြမ်းဖက်မှုကို လှုံ့ဆော်သည့် အန္တရာယ်ရှိသော စကားများကို ကာကွယ်ဟန့်တားရန်။
- အင်တာနက်ဖြတ်တောက်ခံရသော မြို့နယ်များတွင် အင်တာနက် ဖြတ်တောက်ခြင်းကို ချက်ချင်းရပ်တန့်ပါ။ ယင်းသို့ ဖြတ်တောက်မှုများသည် အတိုင်းအဆကိုက်ညီမှု မရှိသကဲ့သို့ လိုအပ်သည့်အရာလည်း မဟုတ်ပါ။

## ဘာသာရေးနှင့် သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်

၁၈။ မြန်မာနိုင်ငံသည် တိုင်းရင်းသားနှင့် ဘာသာရေးလူနည်းစုများအပေါ် ခွဲခြားဆက်ဆံမှု အားလုံး ရပ်တန့်ရန် လွှန်ခဲ့သော UPR အကြံပြုချက်များကို လက်ခံခဲ့သော်လည်း ၎င်းသည် တိုင်းရင်းသားနှင့် ဘာသာရေး လူနည်းစုများအား ခွဲခြားဆက်ဆံသည့် ဖိနှိပ်သောမူဝါဒ အမျိုးမျိုးကို ဆက်လက် ဖြစ်ပေါ်နေစေသည်။

၁၉။ ၂၀၁၂ ခုနှစ် ကတည်းက မြန်မာနိုင်ငံတွင် အထူးသဖြင့် မူစလင်များနှင့် ခရစ်ယာန် ဘာသာများ စသည့် ဘာသာရေး လူနည်းစုများကို ပစ်မှတ်ထားသည့်၊ ဘာသာရေး လွတ်လပ်ခွင့်ကို နှောင့်ယှက်သော ဗုဒ္ဓဘာသာမျိုးချစ် လှုပ်ရှားမှုများ ထွက်ပေါ်လာသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။ မျိုးချစ်အုပ်စုများသည် ဘာသာရေးစုဝေးမှုများကို နှောင့်ယှက်ခဲ့ပြီး ဘာသာရေးအဆောက်အဦ နေရာများကိုလည်း ဖျက်ဆီးခဲ့သည်။ အစိုးရသည် အကြမ်းဖက်မှုကို အားပေးသော ၎င်းတို့၏ လုပ်ဆောင်ချက်များနှင့် အမုန်းစကားများကို တာဝန်ယူရန် အရေးယူခဲ့ ခြင်း မရှိပါ။

၂၀။ အမျိုးဘာသာသာသနာ စောင့်ရှောက်ရေးဥပဒေများ[2] သည် ဘာသာရေး လူနည်းစုများ၏ ဘာသာခြား ထိမ်းမြားလက်ထပ်ခြင်း၊ ဘာသာခြားခံယူမှုနှင့် မျိုးပွားမှု အလေ့အထများကို စည်းမျဉ်းချ မှတ်ထားသည်။ (သာသ

---

2 ယင်းဥပဒေများတွင် အောက်ပါတို့ပါဝင်သည်။

၁။ အခြားဘာသာသို့ကူးပြောင်းလိုသူများသည် အစိုးရဌာနမှတဆင့် လျှောက်ထားရမည်ဟု ပြဋ္ဌာန်းပါရှိပြီး လူ တစ်ဦး၏ မိမိကိုးကွယ်ရာဘာသာကို မိမိကိုယ်ကို ရွေးချယ်ပိုင်ခွင့်အား အတိအလင်း ချိုးဖောက်နေသည့် ကိုးကွယ်ရာ ဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေ

၂။ ဗုဒ္ဓဘာသာအမျိုးသမီးမှ ဘာသာခြားအမျိုးသားနှင့် ထိမ်းမြားလက်ထပ်ခြင်းကို ဥပဒေပြုထိန်းကျောင်းသည့် မြန်မာဗုဒ္ဓဘာသာဝင် အမျိုးသမီးများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ

၃။ လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေတွင် အမျိုးသမီးများ ကလေးယူသည့်အခါ အချိန် ၃၆ လ ခြားရမည့် "သားဆက်ခြားခြင်း" ကို ပြဋ္ဌာန်းထားပြီး ချိုးဖောက်သည့် အမျိုးသမီးများအား အပြစ်ပေးမပေး သို့မဟုတ် မည်သို့ အပြစ်ပေးမည်ကိုမူ ရှင်းလင်းမှု မရှိပါ။

၄။ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေသည် အိမ်ထောင်ဖက်တစ်ဦးထက် ပိုရှိခြင်းနှင့် အိမ်ထောင်ပြင်ပ ဆက်ဆံရေးများကို ပြစ်မှုမြောက်စေသည်။

နာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန လက်အောက်တွင် ၂၀၁၈ ခုနှစ်၌ ဖွဲ့စည်းတည်ထောင်ခဲ့သော) အမျိုးသား ဘာသာပေါင်းစုံကောင်စီသည်လည်း အခြားဘာသာများထက် ဗုဒ္ဓဘာသာကို အစဉ် မျက်နှာသာပေးခဲ့သည်။ COVID-19 ကန့်သတ်ချက်များသည် ရန်ကုန်နှင့် မန္တလေး ရှိ မူစလင်များ အနေဖြင့် ကြီးမားသော ဘာသာရေး စုဝေးမှုများ မပြုလုပ်နိုင်ရန် တားမြစ်ခဲ့သော်လည်း တိုင်းဒေသကြီး ဝန်ကြီးချုပ်မှ ဗုဒ္ဓဘာသာများ အတွက်မူ ချွင်းချက်ထား ခွင့်ပြုခဲ့သည်။

၂၁။ တိုင်းရင်းသားနှင့် ဘာသာရေးလူနည်းစုများသည် စနစ်ပိုင်းဆိုင်ရာ ခွဲခြားဆက်ဆံမှုများကို နေ့စဉ်နှင့်အမျှ ရင်ဆိုင်ကြရသည်။ ၎င်းတို့တွင် ပြည်တွင်း၌ အိုးအိမ်စွန့်ခွာ၍ စစ်ဘေးတိမ်းရှောင်ရသူများ၊ ဒုက္ခသည်များနှင့် နိုင်ငံမဲ့ လူအုပ်စုများ[3] စသည်တို့ ပါဝင်သည်။ တိုင်းရင်းသား ဒေသများတွင် ပဋိပက္ခများကြောင့် ဘာသာရေး ဝတ်ပြုရာနေရာများ ပိတ်သိမ်းထား နှင့်/ သို့မဟုတ် ဖျက်ဆီးခံရသည်။ အချို့ ခရစ်ယာန် ဘုရားကျောင်းများ သည် ဝင်စည်းခံရပြီး *တပ်မတော်* အမိန့် တပ်ရင်းဌာနများ အဖြစ် ပြောင်းလဲခံရသည်။

## လာမည့် UPR ကာလဖြတ်စက်ဝန်း အတွက် ကျွန်ုပ်တို့သည် အောက်ပါတို့ကို အကြံပြုသည်။

- ဘာသာရေး ကန့်သတ်ချက်ပုံစံ အားလုံးကို ပယ်ဖျက်ပြီး တိုင်းရင်းသားနှင့် ဘာသာရေးလူနည်းစု များ၏ ဘာသာရေးနှင့် သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်ကို အကာအကွယ်ပေးရန်။
- ဘာသာရေးနေရာများအား ဖျက်ဆီးခြင်းကို ရပ်တန့်ရန်နှင့် ဘာသာအားလုံးအတွက် ဘာသာရေး ဝတ်ပြုရာ နေရာများကို ခွဲခြားဆက်ဆံမှု မရှိပဲ ပြန်လည် ဖွင့်လှစ်ပေးရန်။
- လှူဒါန်းထားသော မြေများ၊ ပျက်စီးနေသော ဘာသာရေးဝတ်ပြုရာ နေရာများအား ပြန်လည် ပြင်ဆင်ခြင်း တို့ကို အတည်ပြုရေးအတွက် တရားဥပဒေဆိုင်ရာ စံချိန်စံနှုန်းများနှင့် ပွင့်လင်းမြင်သာရေး ဆောင်ရွက် ချက်များ မိတ်ဆက် လုပ်ဆောင်ရန်။ နိုင်ငံ၏ အာဏာပိုင်များနှင့် အာဏာပိုင် မဟုတ်သော အခြား လက်နက် ကိုင်များမှ ဖျက်ဆီးလိုက်သည့် ဘာသာရေး အဆောက်အဦ နေရာများအား ပြန်လည် ပြုပြင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် အစားထိုးလျော်ပေးရန်နှင့် ခွင့်ပြုရန်။
- ဘာသာပေါင်းစုံအကြား နားလည်သဘောပေါက်မှု၊ စုံညီကွဲပြားမှုနှင့် သည်းခံမှုများကို မြှင့်တင်ရန် အခြေခံ ပညာအဆင့်များမှ စ၍ ပြည်သူ့နီတိ အသိပညာ ပေးရန်။
- အမျိုးသားဘာသာပေါင်းစုံကောင်စီသည် ဘာသာအားလုံး၏ အကျိုးစီးပွားအတွက် ကိုယ်စားပြု ရပ်တည် ကြောင်း သေချာအောင် ဆောင်ရွက်ရန်။

# နိုင်ငံသားဖြစ်မှု

၂၂။ လွန်ခဲ့သော UPR ကာလဖြတ်စက်ဝန်းတွင် မြန်မာနိုင်ငံသည် ၎င်း၏ နိုင်ငံသားဖြစ်မှုဆိုင်ရာ ဥပဒေကို ပြန် လည်သုံးသပ်ရန်နှင့် နိုင်ငံသားအားလုံးအား နိုင်ငံသား စိစစ်ရေးကတ်ပြားများ မဆိုင်းမတွ၊ ခွဲခြားဆက်ဆံမှု မရှိပဲ ပေးအပ်ရန် အကြံပြုချက်များ လက်ခံရရှိခဲ့သည်။

၂၃။ မြန်မာနိုင်ငံသည် နိုင်ငံသားဖြစ်မှုဥပဒေကို ပြင်ဆင်မှု မရှိသေးသော်လည်း မွေးစာရင်းများ ထုတ်ပေးရန် ရွေ့လျားအဖွဲ့များ ဖွဲ့စည်းဖော်ဆောင်ပြီး ဖြစ်သည်။ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန် ကြီးဌာန အသစ်လည်း ရှိလာပြီး ဖြစ်သည်။ လူဦးရေများပြားသော အမျိုးသားဒေတာပေါင်းစု (database) အတွက် ဒီဂျစ်တယ်နည်းပညာသုံး စိစစ်ရေးမှတ်တမ်းစနစ်နှင့် မဖြစ်မနေ လုပ်ဆောင်ရမည့် ဇီဝလက္ခဏာ အခြေပြု (biometric) ဒေတာ အချက်အလက် စုဆောင်းခြင်း ကို အကောင်အထည် ဖော်ရန် လုပ်ဆောင် နေပြီ ဖြစ်သည်။

၂၄။ အကန့်သတ်ခံ အုပ်စုများနှင့် မသန်စွမ်းသူများသည် ခွဲခြားဆက်ဆံမှုများ၊ ရှေ့နောက်ဆီလျော် ကိုက်ညီမှု မရှိသော စည်းမျဉ်းစည်းကမ်းများနှင့် အကျင့်ပျက် ခြစားသော အလေ့အထများကြောင့် နိုင်ငံကူးလက်မှတ်

3 ရိုဟင်ဂျာကို နိုင်ငံသားများအဖြစ် အသိအမှတ်မပြုတော့ပဲ ၎င်းတို့၏ အမျိုးသားမှတ်ပုံတင်ကဒ်များ ပြန်သိမ်းခံရသည်။

အပါအဝင် ကိုယ်ပိုင် မှတ်တမ်း အထောက်အထားများ ရယူရာတွင် အခက်အခဲများနှင့် ကြုံတွေ့နေရဆဲ ဖြစ်သည်။ ထုတ်ပေးသည့် အရာရှိ၏ ပယောဂကြောင့် မိသားစု တစ်ခုတည်းတွင်ပင် ရရှိသော မှတ်ပုံတင်/နိုင်ငံသားဖြစ်မှု အမျိုးအစား မတူညီသည်မျိုး ရှိသည်။ ဘာသာရေးနှင့် တိုင်းရင်း သားလူနည်းစုများသည် ၎င်းတို့၏ အမွေအနှစ်နှင့် မည်သူမည်ဝါ ဖြစ်ကြောင်း ဝိသေသကို လိမ်လည်ရန် စေခိုင်းခံရသည်။ လူအများသည် အိန္ဒိယ၊ ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ် စသည့် နိုင်ငံများမှ လာကြောင်း အဓမ္မ မှတ်တမ်းသွင်း ခံရပြီး ၎င်းတို့၏ ဘာသာရေးနှင့် အသားအရောင် အပေါ် အခြေခံပြီး "သွေးနှော" များ အဖြစ် မှတ်ယူခံရသည်။

၂၅။ ခြုံငုံကြည့်လျှင် တိုင်းရင်းသားနှင့် ဘာသာရေးလူနည်းစုများသည် ရှည်ကြာသော လုပ်ငန်းစဉ် နှောင့်နှေးကြန့်ကြာမှုများ၊ မလိုအပ်သည့် စာရွက်စာတမ်းများ၊ ကြေးကြီးသော အဖိုးအခများနှင့် ခွဲခြားပြီး ဆက်ဆံခံရမှုများကို ကြုံတွေ့ရသည်။ ဥပမာအားဖြင့် မူစလင် နိုင်ငံသား တစ်ဦးသည် နိုင်ငံသား ကတ်ပြားကို မှားယွင်းလုပ်ဆောင်သည်ဟူ၍ ကတ်ကို ပြန် အသိမ်းခံရပြီး ကတ်အစားထိုး ပြန်ရရန် အချိန် ၄ နှစ်ကြာ ခဲ့သည်။

၂၆။ တိုင်းရင်းသားလူနည်းစုများမှ ၎င်းတို့၏ ဗမာ အမည်မဟုတ်သည့် အမည်များကို မမှည့်တွင်နိုင်ခြင်း သို့မဟုတ် လူဝင်မှုကြီးကြပ်ရေး အရာရှိများနှင့် ပြောဆို ဆက်သွယ်ရာတွင် ဘာသာပြန် အထောက်အကူ မရနိုင်ကြောင်း အစီရင်ခံထားသည်။

### လာမည့် UPR ကာလဖြတ်စက်ဝန်း အတွက် ကျွန်ုပ်တို့သည် အောက်ပါတို့ကို အကြံပြုသည်။

- ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေကို နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့်အညီ ဖျက်သိမ်းရန်နှင့် အစားထိုးရန်။ လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ လူမျိုး သို့မဟုတ် အခြား အကာအကွယ်ပေးထားသည့် လက္ခဏာရပ်တစ်ခုခုအပေါ် အခြေခံ၍ ခွဲခြားဆက်ဆံသည့် နိုင်ငံသားဖြစ်မှု အတွက် လိုအပ်ချက်များကို ပယ်ဖျက်ရန်။
- မြန်မာနိုင်ငံ အတွင်း မွေးဖွားသော ကလေးငယ်တိုင်းကို နိုင်ငံသားဖြစ်မှုနှင့် မွေးဖွားလက်မှတ်များ ထုတ်ပေးပြီး နိုင်ငံမဲ့မှုကို ချုပ်ငြိမ်း ပပျောက်ရန်။ နိုင်ငံသားတိုင်းအား နိုင်ငံသား စိစစ်ရေးကတ်ပြားများကို နှောင့်နှေးကြန့်ကြာခြင်း မရှိပဲ ထုတ်ပေးရန်။
- စိစစ်ရေး အထောက်အထားများ မရှိသည့် လူဦးရေစုများ အတွက် နိုင်ငံသားဖြစ်မှု စစ်ဆေး အတည်ပြုသည့် လုပ်ငန်းစဉ်များ ပြောင်းလဲ ပြင်ဆင်ရန်။
- တိုင်းရင်းသား အုပ်စုများ အားလုံးသည် ရွေ့လျား သွားလာခွင့်နှင့် ပညာသင်ကြားခွင့် အပါအဝင် ၎င်းတို့၏ လူ့အခွင့်အရေးများနှင့် အခြေခံ လွတ်လပ်ခွင့်များ ဆုံးရှုံးမှုမရှိကြောင်း သေချာအောင် ဆောင်ရွက်ရန်။

## လက်နက်ကိုင် ပဋိပက္ခနှင့် ငြိမ်းချမ်းရေး

၂၇။ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (NCA) သည် မြန်မာနိုင်ငံရှိ လက်နက်ကိုင်ပဋိပက္ခများကို အတောမသတ် စေနိုင်သေးပါ။ *တပ်မတော်*နှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့ (EAG) များအကြား ကတောက်ကဆများ ဆက်လက် ဖြစ်ပွားနေပြီး စင်စစ်အားဖြင့် တိုး၍ပင် လာသည်။ NCA အား လက်မှတ်ရေးထိုး မထားသည့် အဖွဲ့များသည် အာဏာပိုင်တပ်ဖွဲ့များ၏ ပိုမိုပြင်းထန်စွာ တိုက်ခိုက်ခြင်းကို ခံလာရကြောင်း အစီရင်ခံထားသည်။[4] တိုက်ခိုက်မှုများကြောင့် အစုလိုက်အပြုံလိုက် အိုးအိမ်စွန့်ခွာ နေရပ်မှ ရှောင်တိမ်းကြရပြီး IDP ဒုက္ခသည်များ အတွက် လူသားချင်း စာနာထောက်ထားမှု အကူအညီများ လိုအပ်ချက် ဖြစ်ပေါ်စေကာ UNOCHA ခန့်မှန်းချက်အရ ရခိုင်၊ ကချင်၊ ရှမ်းနှင့် ကရင် ပြည်နယ်များတွင် ပြည်တွင်း၌ စစ်ဘေးတိမ်းရှောင် ထွက်ပြေးရသည့် ဒုက္ခသည်ပေါင်း

---

4 လက်မှတ်မရေးထိုးသည့် ၇ ဖွဲ့ (နိုင်ငံအတွင်း အာဏာပိုင်မဟုတ်သော လက်နက်ကိုင်တပ် ဖွဲ့ ၈၀% ရှိသည့်) နှင့် ညှိနှိုင်းခြင်းမှသည် NCA အား အခြား ငြိမ်းချမ်းရေး စာချုပ်ဖြင့် အစားထိုးရန် တောင်းဆိုလာခဲ့သည်။

၂၄၃,၀၀၀ ကျော်တို့ရှိသည်။[5] ရိုဟင်ဂျာ လူဦးရေပေါင်း ၇၂၅,၀၀၀ ကျော်တို့သည်လည်း ၂၀၁၇ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင် သွားကြသည်။[6]

## ပဋိပက္ခဖြစ်ပွားနေသော ဒေသများ

၂၈။ မြန်မာအာဏာပိုင်များသည် မတရားဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ တရားဥပဒေပြင်ပ သတ်ဖြတ်ခြင်း၊ လက်နက်ကြီး ပစ်ခတ်ခြင်း၊[7] အဓမ္မအလုပ်ခိုင်းစေခြင်းနှင့် အစုလိုက် အပြုံလိုက် မုဒိန်းကျင့်မှု များနှင့် အခြား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ စသည်တို့ အပါအဝင် လူ့အခွင့်အရေး ချိုးဖောက်ကြောင်း အစီရင်ခံမှုများကို အစဉ်တစိုက် လက်မခံပဲ ငြင်းပယ်သည်။[8]

၂၉။ လူအများသည် အကြောက်တရားနှင့် နေထိုင်ကြရပြီး *တပ်မတော်*မှ ကျူးလွန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှု အများစုတို့ကို တိုင်ကြား အစီရင်မခံထားပါ။ နိုင်ငံ၏ လုံခြုံရေးတပ်ဖွဲ့များသည် ၎င်းတို့၏ ရာဇဝတ်မှု များ အတွက် တာဝန်ယူရလေ့ မရှိပဲ နိုင်ငံတကာ စိစစ်မှုများအရ စစ်ဘက်ဆိုင်ရာ တရားရုံးမှ အစိုးရ စစ်သား အချို့အား ရာထူးချသည့် ရလဒ်များသာ ရှိခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ရိုဟင်ဂျာ အမျိုးသားနှင့် ယောကျ်ားလေး ၁၀ ဦး တို့ကို သတ်ဖြတ်မှုဖြင့် စစ်သား ၇ ဦးတို့ကို ထောင်ဒဏ် ၁၀ နှစ် ကျခံရန် အမိန့်ချမှတ်ခဲ့သည်။ အချိန် ၁၀ လ ကြာပြီး ၎င်းတို့မှာ ပြန်လည် လွတ်မြောက်လာခဲ့သည်။

၃၀။ ဂြိုဟ်တု သက်သေ အထောက်အထားများ အရ ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ကျေးရွာအားလုံး အဖျက်ဆီးခံ ထားရပြီး အနီးအနားရှိ ကျေးရွာများမှာ ထိခိုက်မှုမရှိကြောင်း တွေ့ရသည်။ ယင်းသို့ သက်သေ ကွင်းကွင်း ကွက်ကွက် ရှိနေသော်လည်း မြန်မာနိုင်ငံ၏ စုံစမ်းစစ်ဆေးရေးကော်မတီက ရိုဟင်ဂျာ အမျိုးသမီးများသည် ဗုဒ္ဓဘာသာ အမျိုးသားများ သို့မဟုတ် စစ်သားများအတွက် "ညစ်ပတ်" ပြီး "ဆွဲဆောင်မှုမရှိ" ဟု ဆိုပြီး ယင်း အမျိုးသမီးများအား အများအပြား မုဒိန်းမှုကျူးလွန်မှုကို အသိအမှတ်ပြုရန် ငြင်းဆိုခဲ့သည်။[9]

---

5 UNHCR သည် ရခိုင်ပြည်နယ်တွင် IDP ပေါင်း ၁၂၈,၀၀၀၊ ကချင်ပြည်နယ်တွင် ၉၈,၀၀၀ နှင့် ရှမ်းနှင့် ကရင် ပြည်နယ်တို့တွင် ၁၅,၀၀၀ ရှိမည်ဟု ခန့်မှန်းထားသည်။ ဒေသအတွင်း သတင်းအချက်အလက်နှင့် ဝင်ရောက် သွားလာနိုင်မှု မရှိခြင်းကြောင့် ယင်း ကိန်းဂဏန်းသည် စင်စစ် အခြေအနေထက် လျော့နည်း၍ အစီရင်ခံသည့် ကိန်းဂဏန်း ဖြစ်နိုင်သည်။

6 UNOCHA (၂၀၁၈). မြန်မာနိုင်ငံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြောင်းအရာ အချုပ်၊ ၂၀၁၈ ခုနှစ် စက်တင်ဘာလ၊ UNOCHA။ https://reliefweb.int/report/myanmar/myanmar-humanitarian-brief-september-2018 ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ဝင်ရောက် မှီငြမ်းထားသည်။

7 ပဋိပက္ခဒေသအတွင်း နေထိုင်နေသည့် ပြည်သူများသည် လက်နက်ကြီး ပစ်ချခြင်းကြောင့် သေဆုံးရနိုင်သည့် အန္တရာယ် ဆက်ရှိ နေသည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ဖြစ်ခဲ့သည့် ဖြစ်စဉ် တစ်ခုအရ တအောန်းတိုင်းရင်းသူ အမျိုးသမီးတစ်ဦးသည် စစ်တပ်နှင့် TNLA တို့၏ ရှမ်းပြည်နယ်၊ ကွတ်ခိုင်တိုက်ပွဲအကြား လက်နက်ကြီး ထိမှန်၍ သေဆုံးခဲ့ရသည်။

8 အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ပဋိပက္ခဒေသများတွင် မုဒိန်းမှုနှင့် အခြား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ဆက်လက် ခံစားနေကြရသည်။ မုဒိန်းကျင့်ခြင်းကို စစ်တပ်မှ ဒေသခံများအား အရှက်ရစေရန် သွေးခွဲရန် စစ်ပွဲလက်နက် တစ်ခုအဖြစ် ဆက်လက် အသုံးပြုနေသည်။ ယင်းရာဇဝတ်မှုနှင့် ဆက်စပ်သည့် အစွဲများကြောင့် လုံလောက်စွာ သတင်းပေးပို့ အစီရင်ခံခြင်း မရှိပါ။

9 အပြည်ပြည်ဆိုင်ရာတရားရုံး (၂၀၁၉)။ လူမျိုးတုံးသတ်ဖြတ်သည့် ရာဇဝတ်မှုများ တားဆီးကာကွယ်ရေးနှင့် အပြစ်ပေးရေး သဘောတူစာချုပ်အား အသုံးချခြင်း (ဂမ်ဘီယာ နှင့် မြန်မာ)။ အပြည်ပြည်ဆိုင်ရာတရားရုံး။ https://www.icj-cij.org/files/case-related/178/178-20191210-ORA-01-00-BI.pdf

## အပစ်အခတ်ရပ်စဲသည့် ဧရိယာဒေသများ

၃၁။ *တပ်မတော်*သည် ဆက်လက် တပ်ဖွဲ့နေရာ ယူထားသည်။[10] ၎င်းတို့၏ တပ်ရင်းကို ချဲ့ထွင်ပြီး လက်နက်ချခြင်းနှင့် တန်းဖြုတ်ခြင်းများ မလုပ်သေးပါ။ ဒေသခံများသည် မြေမြှုပ်မိုင်းများ၊ ပြည်သူများ နေထိုင်ရာ နေရာများတွင် စစ်သင်တန်းပေးခြင်းများနှင့် အိုးအိမ်ဖျက်ဆီးမှုများနှင့်[11] ရွာသားများအား လူကျည်ကာများအဖြစ် အသုံးပြုခံရခြင်း[12] တို့ အတွက် ရတက်မအေး ဖြစ်ကြရသည်။ ပဋိပက္ခ ဖြစ်နေသော နေရာများကို ထွက်ပြေးတိမ်းရှောင်ရပြီး နေရပ်သို့ မပြန်နိုင်သဖြင့် အပစ်အခတ် ရပ်စဲသည့် နေရာများတွင် ဒုက္ခသည်စခန်းအသစ်များ တည်ထောင်ထားသည်။

## လာမည့် UPR ကာလဖြတ်စက်ဝန်း အတွက် ကျွန်ုပ်တို့သည် အောက်ပါတို့ကို အကြံပြုသည်။

- စစ်ဘက်ဆိုင်ရာ သိမ်းသွင်းမှုကို မလုပ်ဆောင်ပဲ နိုင်ငံတစ်ဝှမ်း အပစ်အခတ်ရပ်စဲရေးကို ကြေညာရန်။ အချိန်တစ်နှစ် အတွင်း တိုင်းရင်းသားနယ်မြေများမှ နိုင်ငံပိုင်တပ်ရင်းများ ဆုတ်ခွာရန်။
- စစ်ဘက်ဆိုင်ရာ သင်တန်းများတွင် နိုင်ငံတကာ လူသားချင်းစာနာ ထောက်ထားမှုဥပဒေနှင့် လူ့အခွင့်အရေးများကို မဖြစ်မနေ လိုက်နာလုပ်ဆောင်ရမည့် အရာများအဖြစ် ထည့်သွင်းပြီး ပြည်သူများအား အကာအကွယ် ပေးရန်။
- အားလုံး အကျုံးဝင်ပါဝင်သော နိုင်ငံရေး ငြိမ်းချမ်းရေး ဖြစ်စဉ်သို့ ဦးတည်လုပ်ဆောင်ရန်။ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံများတွင် (အထူးသဖြင့် ကိုယ်စားပြု ပါဝင်မှုနည်းသော လူမှုအသိုင်းအဝိုင်းများမှ) အရပ်ဖက် လူထုကိုယ်စားလှယ်များ အတွက် နေရာပေးပြီး ဆက်လက် လုပ်ဆောင်နေသော နိုင်ငံရေး စေ့စပ်ပြောဆိုမှု စကားဝိုင်းများတွင် ၎င်းတို့၏ အကြံပြုချက် အသံများကို ထည့်သွင်း ဖော်ဆောင်ရန်။
- လူ့အခွင့်အရေး ချိုးဖောက်မှုများ အတွက် ပြစ်ဒဏ် ကင်းလွတ်နေမှုများကို အတောသတ်ပါ။ အပြစ်ရှိကြောင်း တွေ့ရသည့် စစ်သားများအား တရားရင်ဆိုင်ရန်နှင့် ပြစ်မှုစစ်ဆေးရန် အရပ်ဖက် တရားရုံးများကို လွတ်လပ်စွာ ကိုင်တွယ်ခွင့် ပေးရမည်။
- မိုင်းပုံးများ ပိတ်ပင်ရေး သဘောတူစာချုပ်ကို အတည်ပြုပြီး မြေမြှုပ်မိုင်းများ ထုတ်လုပ်ခြင်းနှင့် အသုံးပြုခြင်းကို ရပ်တန့်ပါ။ သက်ဆိုင်ရာ လုပ်ဆောင်သူများနှင့် အဓိပ္ပါယ်ရှိသော တိုင်ပင်ဆွေးနွေး မှုများ ပြုလုပ်ပြီး မိုင်းဖယ်ရှား ရှင်းလင်းရေးလုပ်ငန်းများကို စတင် လုပ်ဆောင်ရန်။
- ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ရပ်တန့်ရန် ကတိကဝတ်ပြုမှု ကြေညာချက် အောက် ခံဝန်ထားသော ကတိကဝတ် ပြုမှုများကို အကောင်အထည်ဖော်ပြီး လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ရာဇဝတ်မှုများအား လွတ်လပ်သော နိုင်ငံတကာစုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် ခွင့်ပြုရန်။

---

10 ကရင်လူ့အခွင့်အရေးအဖွဲ့ (၂၀၁၉)။ တောင်ငူ နောက်ဆုံးရအခြေအနေ - သံတောင်ကြီးနှင့် ထန်းတပင်တို့တွင် စစ်ဘက်သိမ်းသွင်းမှုနှင့် မြေယာပြဿနာများ တိုးများလာခြင်း၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ မှ ၂၀၁၉ ခုနှစ် မေလ။ https://khrg.org/2019/09/19-56-s1/toungoo-situation-update-increasing-militarisation-and-land-issues-thandaunggyi-and

11 ရွာသားများသည် ၎င်းတို့မြေပေါ်တွင် တပ်မတော်မှ လက်နက်ကြီးပြစ်ခတ်မှု လေ့ကျင့်ရေးများ လုပ်ဆောင်နေပြီး သီးနှံများနှင့် ရော်ဘာစိုက်ခင်းများ ပျက်စီးသွားကြောင်း သတင်းပေးပို့ထားသည်။

12 ၂၀၁၆ ခုနှစ် မေလ ကတည်းက တပ်မတော်သည် KNU/KNLA နယ်နိမိတ်များသို့ ကြိုတင် အသိမပေးပဲ အကြိမ်ကြိမ် ဝင်ရောက်ခဲ့ ပြီး NCA လိုက်နာရန်ကျင့်ဝတ်ကို ချိုးဖောက်ခဲ့သည်။ ၂၀၁၆ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် တပ်မတော် စစ်သားများသည် KNU ထိန်းချုပ်ထားသည့် ကော့ကရိတ်မြို့နယ် အတွင်းသို့ ဝင်ရောက်ခဲ့သည်။

ဒူပလာရာခရိုင်၊ KNU မှ ခွင့်ပြုချက်မရပဲ။ KNU စစ်သားများ ၎င်းတို့ကို ပစ်ခတ်မည်ကို စိုးရိမ်ပြီး တပ်မတော်သားများသည် ရွာသားများကို လူကျည်ကာအဖြစ် အသုံးပြုကာ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေကို ချိုးဖောက်ခဲ့သည်။

ဤကို ကြည့်ပါ - ကရင်လူ့အခွင့်အရေးအဖွဲ့ (၂၀၁၇)။ ဒူပလာရာ နောက်ဆုံးရ အခြေအနေ - ကော့ကရိတ်မြို့နယ် နှင့် နိုးတီကောမြို့နယ်၊ ၂၀၁၆ ခုနှစ် ဧပြီလမှ မေလ။ http://khrg.org/2017/03/16-57-S1/dooplaya-situation-update-kawkareik-township-and-noh-tkaw-township-april-may-2016

## ကျား၊မ၊အခြားစသည့် ဂျဲန်ဒါရေးရာနှင့် လိင်စိတ် တိမ်းညွတ်မှု/ လိင်ဝိသေသ ခံယူဖော်ပြမှု ကွဲပြားသူဆိုင်ရာ ပြဿနာများ

၃၂။ မြန်မာသည် ကျား၊ မ၊ အခြား စသည့် ဂျဲန်ဒါရေးရာ တန်းတူညီမျှမှုနှင့် အမျိုးသမီးများ အခွင့်အရေး တို့နှင့် သက်ဆိုင်သည့် အကြံပြုချက် ၁၇ ခုတို့ကို လက်ခံခဲ့သည်။ မြန်မာနိုင်ငံအား CEDAW အောက် တွင် လိုက်နာရန်တာဝန်ရှိမှုများနှင့်အညီ ၎င်း၏ပြည်တွင်းဥပဒေများကို ဖော်ဆောင်ရန် တောင်းဆိုထားသည်။

၃၃။ ၁၀ နှစ်တာ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အမျိုးသားမဟာဗျူဟာ အစီအစဉ် (NSPAW)[13] ကို ထုတ်ပြန်ခဲ့သော်လည်း အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ဖြစ်ပွားနေသည့် အဆင့် သို့မဟုတ် ဂျဲန်ဒါရေးရာ တုံ့ပြန်ဖြေရှင်းမှုရှိသော ရသုံးမှန်းခြေ ဘတ်ဂျက် ချထားပေးမှုများ စသည့် ဒေတာ အချက်အလက် တစ်ခုမျှ မရှိပါ။

၃၄။ အမျိုးသမီးများ အပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ (POVAW) မူကြမ်းကို အချိန် ၇ နှစ်ကြာ ရေးဆွဲခဲ့ ပြီး အတည်မပြုနိုင်သေးပါ။ အမျိုး၊ ဘာသာ၊ သာသနာ ကာကွယ်စောင့်ရှောက်ရေး ဥပဒေကိုမူ အချိန် ၁၈ လနှင့် ရေးဆွဲပြီး အတည်ပြုနိုင်ခဲ့ခြင်း ဖြစ်သည်။ ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှုများနှင့် အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုကို ရပ်တန့်အောင် ဖြေရှင်းလုပ်ဆောင်မည့် နိုင်ငံရေးအာသီသ အနည်းငယ်သာ ရှိကြောင်း ထင်ရှားသည်။ ကျားမ ဘက်လိုက်သည့် ယဉ်ကျေးမှုနှင့် ပြစ်ဒဏ် ကင်းလွတ်မှုများ ပျံ့နှံ့နေခြင်း တို့ကြောင့် မုဒိန်းမှု၊ အိမ်ထောင်ဖက်/ လက်တွဲဖော် အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ ထိပါး နှောင့်ယှက်မှုတို့မှာ အများအပြား ဖြစ်ပေါ်နေပြီး သာမန် ဖြစ်ရိုးဖြစ်စဉ် အဖြစ် သတ်မှတ်လာကြကာ အခြေ ခိုင်မာလာနေသည်။

၃၅။ အမျိုးသမီးများ၏ နိုင်ငံရေး ပါဝင်နိုင်မှုနှင့် ကိုယ်စားပြုမှုသည် နည်းပါးဆဲ ဖြစ်သည်။ မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် အင်အားကြီးမားပြီး မထိတွေ့ရသေးသော နိုင်ငံ့အရင်းအမြစ်များ ဖြစ်သည်။ ပစ်ပယ်ထားခံရသည့် ငြိမ်းချမ်းရေးစကားဝိုင်းများ အပါအဝင် အစိုးရအဆင့်များ အားလုံးတွင် အမျိုးသမီး ကိုယ်စားပြုမှု အနည်းဆုံး အချိုး ၃၀% ကို တောင်းဆိုထားသည်။ NCA ဆွေးနွေးမှုများတွင် တိုင်းရင်းသားနွယ်ဝင် အမျိုးသမီးများ၊ အထူးသဖြင့် ရှင်သန်လွတ်မြောက်လာသူများ၏ ရှုထောင့် အမြင်များကို ကိုယ်စားပြုရန် လိုအပ်သည်။ အမျိုးသမီးများ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး နည်းပညာပိုင်းဆိုင်ရာ လုပ်ငန်းအဖွဲ့[14]ကို ဖွဲ့စည်းတည်ထောင်ထားသော်လည်း အမျိုးသမီးများ၏ အခွင့်အရေး ကို ဦးစားပေးခြင်း မရှိပါ။

၃၆။ ဖိုဝါဒကြီးစိုးသည့် ယဉ်ကျေးမှု၏ တန်ဖိုးထားမှုများသည် အဆင့်တိုင်းတွင် အမျိုးသမီးများ ပါဝင်နိုင်မှုနှင့် ဆုံးဖြတ်ချက် ချမှတ်နိုင်ခြင်းများကို ကန့်သတ်သည့် ကျားမရေးရာထုံးဓလေ့ အစွဲများနှင့် လုပ်အားခွဲခြားခြင်းများကို ဖြစ်ပေါ်စေသည်။ “အမျိုး၊ ဘာသာ၊ သာသနာ ကာကွယ်စောင့်ရှောက်ရေး ဥပဒေများ” စသည့် ဗုဒ္ဓဘာသာ မျိုးချစ်မူဝါဒများသည် ဘာသာခြား နှင့် ထိမ်းမြားလက်ထပ်ခြင်း၊ အခြားဘာသာသို့ ပြောင်းလဲခံယူခြင်းနှင့် မျိုးဆက်ပွား အခွင့်အရေး စသည်တို့ ပါဝင်သော အမျိုးသမီးများ၏ အခွင့်အရေးကို ထပ်မံကန့်သတ်စေသည်။ မြန်မာနိုင်ငံသည် လိင်စိတ်တိမ်းညွတ်မှု၊ လိင်ဝိသေသခံယူ ဖော်ပြမှု ကွဲပြားသူ LGBTI များ၏ အခွင့်အရေးများကို အကာအကွယ်ပေးရန် ဥပဒေများကို ပြင်ဆင်ခြင်းများ မပြုလုပ်သေးပါ။ လိင်စိတ် တိမ်း

13 အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားမဟာဗျူဟာအစီအစဉ် (၂၀၁၃-၂၀၂၂) သည် CEDAW စည်းမျဉ်းများ၊ အက်ရှင်အတွက် ဘေဂျင်းပလက်ဖောင်း၏ အဓိကဦးစားပေး နယ်ပယ် ၁၂ ခုတို့ ပေါ်တွင် အခြေခံ ထားသည်။ အမျိုးသမီးရေးရာ မြန်မာနိုင်ငံကော်မတီ (၂၀၁၃)။ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားမဟာဗျူဟာအစီအစဉ် (၂၀၁၃-၂၀၂၂)။ မြန်မာနိုင်ငံအစိုးရ။ https://myanmar.unfpa.org/sites/default/ les/pub-pdf/NSPAW2013-2022_0.pdf

14 ၂၀၁၅ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) ၏ စာသားများထဲတွင် “နိုင်ငံရေး စေ့စပ်ပြောဆိုမှု လုပ်ငန်းစဉ်များတွင် ကျိုးကြောင်းစီလျော် သင့်တော်သော အမျိုးသမီး ကိုယ်စားလှယ် အရေအတွက်များ” အကျုံးဝင် ပါဝင်နိုင်ရေးကို တောင်းဆိုထားသည်။
Allison Muehlenbeck နှင့် Julia Palmiano Federer (၂၀၁၆)။ မြန်မာနိုင်ငံ NCA တွင် အမျိုးသမီးများ၏ အကျုံးဝင်ပါဝင်မှု။ https://www.inclusivesecurity.org/wp-content/uploads/2016/09/Womens-Inclusion-in-Myanmars-Nation wide-Cease re-Agreement.pdf

ညွှတ်မှု၊ လိင်ဝိသေသခံယူမှု သို့မဟုတ် ဖော်ပြမှု (SOGIE) အပေါ်အခြေခံသည့် ခွဲခြားဆက်ဆံမှုများသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ တားမြစ်ထားသော လက္ခဏာများ မဟုတ်နေပါ။ LGBTI ပုဂ္ဂိုလ်များသည် အများပြည်သူ နှင့် ပုဂ္ဂလိက နေရာများတွင် အကြမ်းဖက်မှု၊ လိင်တူမုန်းတီးမှုများနှင့် ခွဲခြားဆက်ဆံမှုများကို နေ့စဉ် နှင့်အမျှ ခံစားကြရသည်။ ၎င်းတို့၏အိမ်များတွင်၊ ကျောင်းများတွင်နှင့် အလုပ်ခွင်များတွင် လျစ်လျူရှု ခံရပြီး အလွဲသုံးစား ဆက်ဆံခံကြရသည်။ ကျန်းမာရေးနှင့် စိတ်ပိုင်း လူမှုပိုင်းဆိုင်ရာ အထောက်အပံ့များ အပါအဝင် ဝန်ဆောင်မှုများ ရယူ လက်လှမ်းမီနိုင်မှုသည် အတားအဆီး အကန့်အသတ်များ ရှိပြီး စိတ်ကျန်း မာရေးပြဿနာများနှင့် မိမိကိုယ်ကို အဆုံးစီရင်မှုအန္တရာယ် မြင့်မားရန် ဦးတည်နေစေသည်။

၃၇။ LGBTI ပုဂ္ဂိုလ်များသည် ရာဇသတ်ကြီးပုဒ်မ[15] (လိင်တူချစ်ခြင်းကို ရာဇဝတ်မှုအဖြစ် ပြစ်ဒဏ် ချမှတ်သည့်) နှင့် ၁၉၄၉ ခုနှစ် ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေ[16] အောက်တွင် ရဲများမှ အကြမ်းဖက်ခြင်း၊ မတရားဖမ်းဆီးခြင်း နှင့် ထိန်းသိမ်းခြင်းတို့ကို အကန့်အသတ်မရှိ ခံစားရသည်။ ထိန်းသိမ်းခံရသော LGBTI ပုဂ္ဂိုလ်များသည်လည်း ရဲများ ထိန်းသိမ်းထားသည့် အထဲတွင် ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အထိပါး အကျူးလွန်ခံရသည်။

## လာမည့် UPR ကာလဖြတ်စက်ဝန်း အတွက် ကျွန်ုပ်တို့သည် အောက်ပါတို့ကို အကြံပြုသည်။

- NSPAW ကို လုံလောက်သော ရသုံးမှန်းခြေ ဘတ်ဂျတ်ငွေ ချထားပေးမှုများနှင့် ထိရောက်သော စောင့်ကြည့် လေ့လာရေးနှင့် အကဲဖြတ် သုံးသပ်ရေး ယန္တရားများဖြင့် အဆင့်တိုင်းတွင် အကောင်အထည် ဖော်ကြောင်း သေချာအောင် ဆောင်ရွက်ရန်။
- နိုင်ငံရေး ကိုယ်စားပြုမှုများ၊ ဆုံးဖြတ်ချက် ချမှတ်သည့် အာဏာပိုင်များ၊ စီးပွားရေးနှင့် ခေါင်းဆောင်မှု အခွင့်အလမ်းများ အတွင်း တန်းတူ မညီမျှမှုများကို အနည်းဆုံး အချိုးအဆများ အပါအဝင် အထူးပြု အရေးယူ ဆောင်ရွက်ချက်များအား အသုံးပြုပြီး ကိုင်တွယ် ဖြေရှင်းရန်။
- အမျိုးသမီးများ အခွင့်အရေးနှင့် လိင်စိတ်တိမ်းညွှတ်မှု/ လိင်ဝိသေသ ခံယူဖော်ပြမှု ကွဲပြားခြင်း (ဆိုဂျီ) တို့နှင့် သက်ဆိုင်သည့် ကဏ္ဍပေါင်းစုံမှ စပ်ယှက် သက်ရောက်သော ခွဲခြားဆက်ဆံမှု ပြဿနာများ အကြောင်း ဂျန်ဒါကို ထိရှလွယ်မှု သိရှိ လုပ်ဆောင်ရေး မတက်မနေရ သင်တန်းများကို ရဲများ၊ ကျန်းမာ ရေးလုပ်သားများ၊ ဥပဒေဝန်ဆောင်မှု ပေးသူများနှင့် လူမှုရေးလုပ်သားများ စသည်တို့ အပါအဝင် အစိုးရ အရာရှိများနှင့် လူမှုဝန်ထမ်း အားလုံးတို့နှင့် ပို့ချရန်။
- ခိုင်မာ အားကောင်းသော PoVAW ဥပဒေကို နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံနှုန်းများနှင့် အညီ အတည်ပြုနိုင်ရေးကို ဦးစားပေး လုပ်ဆောင်ရန်။ ဥပဒေသည် ရှင်သန်လွတ်မြောက်လာသူများ အတွက် ရေရာသော အကာအကွယ်များနှင့် ဝန်ဆောင်မှုများကို ထည့်သွင်း ပြဋ္ဌာန်းရမည်။
- အမျိုး၊ ဘာသာ၊ သာသနာ စောင့်ရှောက်ရေးဥပဒေများ စသည့် ခွဲခြားဆက်ဆံသော ဥပဒေများကို ဖျက် သိမ်းရန်နှင့် ရာဇသတ်ကြီးပုဒ်မနှင့် မိသားစုဥပဒေတွင် ပါရှိသော ပြဋ္ဌာန်းချက်များကို ပြင်ဆင်ကြောင်း သေချာအောင် လုပ်ဆောင်ရန်။
- LGBTI အခွင့်အရေးများကို အကာအကွယ်ပေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ထဲတွင် SOGIE အား ခွဲခြား မဆက်ဆံရဟု တားမြစ်ပေးသည့် လက္ခဏာရပ်အဖြစ် ထည့်သွင်းရန်။
- ရာဇသတ်ကြီးပုဒ်မ ၃၇၇ အား ဖျက်သိမ်းခြင်းဖြင့် လိင်တူဆက်ဆံခြင်းအား ပြစ်မှုမြောက်ခြင်းမှ ပယ်ဖျက် ရန်နှင့် LGBTI ပုဂ္ဂိုလ်များအား မုဒိန်းမှု ကျူးလွန်ခြင်းအတွက် ပုဒ်မ ၃၇၅ တွင် ပြင်ဆင် ထည့်သွင်းရန်။
- ၁၉၄၅ ရဲအက်အား ရဲများမှ အကြမ်းဖက်မှုနှင့် အလွဲသုံးစားပြုမှုကို ရပ်တန့်စေပြီး LGBTI ရှင်သန်လွတ် မြောက်လာသူများသည် ထိရောက်သော တရားဥပဒေဆိုင်ရာ လမ်းကြောင်း ရရှိကြောင်း သေချာအောင် ဆောင်ရွက်ရန်။

15 မြန်မာနိုင်ငံအစိုးရ။ မြန်မာနိုင်ငံ ရာဇသတ်ကြီးပုဒ်မ၊ ပုဒ်မ ၃၇၇။ https://www.burmalibrary.org/docs6/MYANMA R_PENAL_CODE-corr.1.pdf

16 Institute of Development Studies. လိင်စိတ်၊ ဆင်းရဲမွဲတေမှုနှင့် တရားဥပဒေစီမံချက် - လိင်မှုအလုပ်အကိုင် ဥပဒေ၊ မြန်မာ။ http://spl.ids.ac.uk/sexworklaw/countries

## လူကုန်ကူးမှု

၃၈။ မြန်မာနိုင်ငံသည် လူကုန်ကူးမှုနှင့် ကလေးသူငယ် ရောင်းစားမှုများကို တိုက်ဖျက်ရန် ကြိုးပမ်းအားထုတ်မှု မြှင့်တင်ရေး အကြံပြုချက်များကို လက်ခံခဲ့သည်။ သို့သော်လည်း လူကုန်ကူးမှုသည် မြန်မာနိုင်ငံအတွင်း အမြစ်တွယ် ကျန်ရှိနေသေးသည်။ လူကုန်ကူးသူများသည် ဆင်းရဲမွဲတေမှု၊ နိုင်ငံမတည်ငြိမ်မှု တို့ကို အခွင့်ကောင်းယူပြီး ထိရှလွယ်သော အမျိုးသမီးများ၊ အမျိုးသားနှင့် ကလေးသူငယ်များအား အဓမ္မအလုပ်ခိုင်းစေခြင်းနှင့် လိင်မှုဆိုင်ရာ ခေါင်းပုံဖြတ်မှု/ ကျေးကျွန်ပြုမှု တို့ကို ပြုလုပ်ကြသည်။ မြန်မာနိုင်ငံ လူကုန်ကူးမှု တားဆီးတိုက်ဖျက်ရေး ရဲတပ်ဖွဲ့၏ ၂၀၁၉ ခုနှစ် နှစ်ပတ်လည် အစီရင် ခံစာတွင် မြန်မာနိုင်ငံမှ လူကုန်ကူးမှုပေါင်း ၁၈၈ မှု တို့သည် တရုတ်နိုင်ငံတွင် အဓမ္မထိမ်းမြား လက် ထပ်စေခြင်း ဖြစ်သည်ဟု ဆိုသည်။

၃၉။ အဓမ္မကျေးကျွန်ပြုရန် လူကုန်ကူးခံရသူ အများစုတို့သည် ငါးလုပ်ငန်းတွင် လုပ်ကိုင်ကြရသည်။ ၎င်းတို့သည် အန္တရာယ်ရှိသော လုပ်ငန်းခွင် အခြေအနေများတွင် အလုပ်ချိန် ကြာရှည်စွာနှင့် ကာယအင်အား စိုက်ထုတ်ရသည့် အလုပ်ကြမ်းများကို လုပ်ကိုင်ကြရသည်။ လူကုန်ကူးခံရပြီး မှတ်တမ်း မရယူနိုင်သော အလုပ်သမားများသည် မည်သည့် အခွင့်အရေးများမှ မရှိပဲ ၎င်းတို့ကို ခေါ်ဆောင်ထားသည့် နိုင်ငံအတွင်း လုပ်ဖော်ကိုင်ဖက်များနှင့် ကြီးကြပ်သူများ၏ ခေါင်းပုံဖြတ်မှုကို ခံကြရသည်။ အလုပ်သမားများသည် ဖျားနာမှုနှင့် ၎င်းတို့၏ ကြမ္မာဆိုးကို လွတ်မြောက်ရန် လမ်းတစ်ခု အဖြစ် မိမိကိုယ်ကို အဆုံးစီရင်မှု စသည်တို့ကြောင့် အသက်ဆုံးရှုံး ကြရသည်။ အချို့သူများမှ မုန်တိုင်းကြား အသက်ပျောက်ရသည်။ ဥပမာအားဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ် ငါးဖမ်းရာသီတွင် ဧရာဝတီတိုင်း ဖျာပုံ တစ်မြို့နယ်တည်း၌ပင် အလုပ်သမားပေါင်း ၂၇၆ ဦး တို့သည် ပျောက်ဆုံးသွားကြောင်း သို့မဟုတ် (တစ်ရက်လျှင် တစ်ဦး သေဆုံးနှုန်းဖြင့်) သေဆုံးသွားကြောင်း သတင်းရရှိသည်။

၄၀။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် လိင်ကျွန်အဖြစ် အချိုးမမျှစွာ လူကုန်ကူးခံရသည်။ တရုတ်နိုင်ငံမှ လိုအပ်ချက်များကြောင့် မယားအဖြစ် ရောင်းစားခြင်းနှင့် အဓမ္မ ကိုယ်ဝန်ဆောင် စေခြင်းအမှုများ တစ်ဟုန်ထိုး မြင့်တက်လာခဲ့သည်။ နှစ်နိုင်ငံအစိုးရ အကြား ပူးပေါင်းဆောင်ရွက်မှု မရှိခြင်းက အခြေအနေကို ပိုမို ဆိုးရွားစေသည်။ လိင်ကုန်ကူးခြင်းသည် ထိခိုက်နစ်နာသူများအတွက် ခြောက်ခြားဖွယ် နောက်ဆက်တွဲ ဆိုးကျိုးများစွာ ခံစားရပြီး ရေရှည်ကျန်းမာရေးကိုလည်း ထိခိုက် စေသည်။

၄၁။ လူကုန်ကူးမှု တားဆီးတိုက်ဖျက်ရေး အသိအမြင်ဖွင့် အစီအစဉ်များ[17] မိတ်ဆက် လုပ်ဆောင်သော်လည်း အသိပေး ပြောဆိုမှုများသည် မြို့ပြနေရာများတွင်သာ ဖြစ်ပေါ်ပြီး ထိရှလွယ်သောနှင့် အန္တရာယ် ကျရောက်နိုင်သော လူထုများသည် ကျေးလက် လူမှုအသိုင်းအဝိုင်းများတွင် အခြေချနေ ထိုင်ခြင်း ဖြစ်သဖြင့် တိုးတက်မှု အကန့်အသတ်ရှိသည်။ ယင်းသို့သော အမှုများကို တိုင်ကြားရန် ဟော့လိုင်းရှိသည်။[18] သို့သော်လည်း ဖုန်းမရှိသည့် ကျေးလက်နယ်ဝေး ဒေသများတွင် ရှိသူများ အတွက် ရယူ လက်လှမ်းမှီနိုင်မှု မရှိပါ။

၄၂။ ၂၀၀၅ ခုနှစ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ[19] တွင် လူကုန်ကူးမှုကို ကျူးလွန်ခြင်းအတွက် အများဆုံး ပြစ်ဒဏ်ကို ထောင်ဒဏ်တစ်သက်တစ်ကျွန်းဟု သတ်မှတ်ထားသော်လည်း လူကုန်ကူးမှု တားဆီး ကာကွယ်ရေး ရဲတပ်ဖွဲ့မှ တရားစွဲဆိုမှုများနှင့် ဖမ်းဆီး အရေးယူမှုများမှာ အနည်းငယ်သာ ရှိသည်။ လူကုန်ကူးသူများသည် လျင်မြန်စွာ ရွေ့လျားသွားလာပြီး နိုင်ငံရပ်ခြားသို့ ထွက်ပြေး တိမ်းရှောင်ကာ တရားမျှတစွာ စီရင်

---

17 ပြန်ကြားရေးဝန်ကြီးဌာန (၂၀၁၉)။ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့သည် နိုင်ငံတစ်ဝှမ်း လူကုန်ကူးမှုနှင့် သက်ဆိုင်သော အသိပညာပေး စကားဝိုင်းများ ပြုလုပ်ပေးနေ။ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ။ https://www.moi.gov.mm/moi:eng/?q=news/14/11/2018/id-7865

18 US Department of State (၂၀၁၈)။ ၂၀၁၈ ခုနှစ် လူကုန်ကူးမှုအစီရင်ခံစာ - မြန်မာ။ US Department of State အမေရိကန်။ https://www.refworld.org/docid/5b3e0b8a7.html

19 နိုင်ငံတော်ငြိမ်းချမ်းသာယာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ (၂၀၀၅)။ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေ။ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ။ https://www.burmalibrary.org/docs15/2005-SPDC_Law2005-05-Anti_Trafficking_in_Persons_Law-en.pdf

ခြင်း မခံရပါ။ လူကုန်ကူးမှုနှင့် သက်ဆိုင်သည့် အမှုများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို အများပြည်သူ သိရှိအောင် ထုတ်ပြန် မမျှဝေသဖြင့် အရပ်ဖက် လူမှုအဖွဲ့အစည်းများအနေဖြင့် ထိခိုက်နစ်နာသူများအား အကူအညီပေးရန် နှင့် အကာ အကွယ်ပေးရန် ခက်ခဲစေသည်။

၄၃။ ရှင်သန်လွတ်မြောက်လာသူများအား မြန်မာနိုင်ငံ ပြန်ရောက်လာချိန်တွင်လည်း အထောက်အပံ့ ပေးရန် လုံလောက်သော အရင်းအမြစ်များ မရှိပါ။ အစိုးရသည် ရှင်သန် လွတ်မြောက်လာသူများအား ပြည်တော်ပြန်နိုင်ရေးသာ ကူညီပေးပြီး ထိခိုက်နစ်နာသူများ၏ လူမှုရေးရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် စီးပွားရေး ပြန်လည် ထူထောင်နိုင်မှု တို့ကို စဉ်းစားပေးမှု မရှိပါ။

## လာမည့် UPR ကာလဖြတ်စက်ဝန်း အတွက် ကျွန်ုပ်တို့သည် အောက်ပါတို့ကို အကြံပြုသည်။

- ရွှေ့ပြောင်း အလုပ်သမားများ၏ အခွင့်အရေးကို ၎င်းတို့ သွားရောက်မည့် နိုင်ငံများ၏ အစိုးရများနှင့် ညှိနှိုင်းခြင်းနှင့် ဘက်စုံခြုံငုံသော လူကုန်ကူးမှုတားဆီးကာကွယ်ရေး နားလည်မှု သဘောတူစာချုပ် (MoU) များ ဖော်ဆောင်ခြင်းတို့မှ တဆင့် အကာအကွယ် ပေးရန်။
- လူကုန်ကူးသူများအား တရားဥပဒေအရ အရေးယူခြင်းများ လိုက်လံ လုပ်ဆောင်ရန် နှင့် အဆင့်တိုင်းတွင် ကျူးလွန်သူများ တရားမျှတမှု ဆောင်ကျဉ်းပေးကြောင်း သေချာအောင် လုပ်ဆောင်ရန်။
- လူကုန်ကူးမှု ချိုးဖောက်မှုများကို မှတ်တမ်းတင်နိုင်ရန် အတွက် မြန်မာနိုင်ငံ အတွင်းနှင့် နိုင်ငံရပ်ခြားများတွင် မည်သည့် အခြေအနေရပ်များ၊ တရားဥပဒေဆိုင်ရာ အခြေအနေရပ်များတွင်မဆို လူတိုင်း ရယူ လက်လှမ်းမှီနိုင်သည့် တိုင်ကြားရေး ယန္တရားများကို အခိုင်အမာ ဖော်ဆောင်ရန်။
- ရှင်သန်လွတ်မြောက်လာသူများအား ဘေးကင်းလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး၊ ပညာရေး၊ သင့်တင့်သော အလုပ်အကိုင် ရယူ လက်လှမ်းမှီ လုပ်ကိုင်နိုင်မှုနှင့် ပြန်လည် အစားထိုး ပေးလျော်ခြင်း စသည်တို့ကို ဦးတည်ပြီး ၎င်းတို့ကို စောင့်ရှောက်ရန်နှင့် အကာအကွယ် ပေးရန် ရေးရှုသော မူဝါဒများကို အကောင်အထည် ဖော်ရန်။
- လူကုန်ကူးမှုဆိုင်ရာ အသိအမြင်ဖွင့် အစီအစဉ်များကို အထူးသဖြင့် လူကုန်ကူးခံရနိုင်ချေရှိသည့်၊ ထိရှလွယ်သည့် လူထုများ ရှိသည့် ကျေးလက်နေရာ ဒေသများသို့ ချဲ့ထွင် လုပ်ဆောင်ရန်။

# မြေယာပြဿနာ

၄၄။ UPR ဒုတိယဖြတ် ကာလစက်ဝန်းတွင် မြန်မာနိုင်ငံသည် မြေယာအခွင့်အရေးများနှင့် ဆိုင်သည့် အကြံပြုချက် အမြောက်အများတို့ကို လက်ခံခဲ့ သို့မဟုတ် မှတ်သားခဲ့သည်။ ၎င်းတို့တွင် မြေယာ သိမ်းဆည်းခြင်း[20] အား တုံ့ပြန်ဆောင်ရွက်ရေးနှင့် ပြန်လည်ကုစားပေးရေး၊ ဌာနေတိုင်းရင်းသား (IP) များ၏ အခွင့်အရေးများကို UNDRIP[21] နှင့်အညီ လေးစားရန်တို့ ပါဝင်သည်။ မြန်မာနိုင်ငံသည် ယင်း ပြဿနာများကို ဖြေရှင်းရန် ဥပဒေ[22]

20 တရားမဝင် သို့မဟုတ် မတရားမြေယာသိမ်းဆည်းခံရသည့် လယ်သမားများနှင့် အခြားသူများအား ပြန်လည်ကုစားမှုများ ပေးအပ်ခြင်းမှ တဆင့်အပါအဝင် မြေယာသိမ်းဆည်းခြင်း ပြဿနာများကို ဖြေရှင်းပါ။ (Czech Republic၊ သဘောထားမှတ်ချက် ၁၄၃.၁၂၄)

21 ပြည်တွင်းအမျိုးသားဥပဒေသည် ဌာနေတိုင်းရင်းသားများ၏အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂကြေညာ စာတမ်း (UNDRIP) နှင့်အညီဖြစ်ကြောင်း သေချာအောင်ဆောင်ရွက်ရန်။ (ဒိန်းမတ်၊ သဘောထားမှတ်ချက် ၁၄၅.၆၇)

22 မြန်မာနိုင်ငံသည် မြေယာပြဿနာများကို ဖြေရှင်းရန် ၂၀၁၆ ခုနှစ် အမျိုးသားမြေယာသုံးစွဲမှုမူဝါဒ၊ ၂၀၁၈ ခုနှစ်တွင် သစ်တောဥပဒေ၊ ၂၀၁၈ ခုနှစ်တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၈ ခုနှစ်တွင် ဇီဝ မျိုးစုံမျိုးကွဲနှင့် သဘာဝ ထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ၊ ၂၀၁၉ ခုနှစ်တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ၊ ၂၀၁၉ ခုနှစ်တွင် မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည် ထူထောင်ခြင်းဆိုင်ရာ ဥပဒေ၊ ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံအမျိုးသား ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါ စသည့် မူဝါဒအတွဲများကို အတည်ပြု ပြဋ္ဌာန်းခဲ့သည်။ ထို့အပြင် စိုက်ပျိုးမြေယာနှင့် အခြားမြေများ သိမ်းဆည်းခံရမှုအတွက် စုံစမ်းစစ်ဆေးရန်နှင့် ကုစားမှုများပေးရန် ပြန်လည်စုံစမ်းစစ်ဆေးရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ ပြီး ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

များကို အတည်ပြုခဲ့သော်လည်း လုပ်ဆောင်ရန် များစွာ ကျန်ရှိ နေသေးသည်။

၄၅။ ၂၀၁၈ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း (VFV) စီမံခန့်ခွဲမှုဥပဒေသည် ၎င်းတို့၏ မြေအား မှတ်ပုံတင်ရန် အချိန် ၆ လ အတွင်း ပြည့်မီအောင် လုပ်ရန် ပျက်ကွက်သူများအား ဖယ်ရှားရန်နှင့် ပြစ်ဒဏ်ချမှတ်ရန် ပြဋ္ဌာန်းထားသည်။[23] VFV များ အဖြစ် အမျိုးအစား သတ်မှတ်ထားသည့် ယင်းမြေယာ အများစုတို့သည် တိုင်းရင်းသား ကျေးလက်နေရာ ဒေသများတွင် တည်ရှိသည်။ ယင်းမြေယာများ တွင် IP ပေါင်း ၁၀ သန်းခန့် အမှီသဟဲပြု နေထိုင်ကြသည်။ VFV ဥပဒေတွင် ၎င်းတို့ ကိုယ်ပိုင်မြေကို အသုံးပြုရန်အတွက် နှစ် ၃၀ ခွင့်ပြုချက်များ လျှောက်ထားကြရမည်ဟု ပြဋ္ဌာန်းထားသည်။ ယင်းသို့ လျှောက်ထားရန် ပျက်ကွက်ခဲ့ပါက မြေယာအား အခြားသူများထံသို့ ပေးအပ်ပြီး ၎င်းတို့ အနေဖြင့် ကျူးကျော်မှုဖြင့် ထောင်ဒဏ် နှစ်နှစ်ချခံရသည်။[24]

၄၆။ တိုင်းရင်းသားလူနည်းစုများနှင့် ဌာနေတိုင်းရင်းသားများ ဓလေ့ထုံးတမ်း အစဉ်အလာအရ ပိုင်ဆိုင်သည့် မြေယာ လုပ်ပိုင်ခွင့်များသည် အပြောကျယ်ပြီး ကာလကြာရှည်စွာ ဖြစ်တည်နေသည့် အလေ့အထ ဖြစ်သည်။ VFV ဥပဒေသည် ဓလေ့ထုံးတမ်းအရ ပိုင်ဆိုင်သည့် မြေယာများအား VFV အဖြစ် အမျိုးအစား ခွဲခြား မသတ်မှတ်ရန် ခြွင်းချက်ပေးထားသည်။ အစိုးရသည် ၎င်းအား အဓိပ္ပာယ် မဖွင့်ဆိုထားပဲ မှတ်ပုံတင်သည့် လုပ်ငန်းစဉ်ကိုလည်း ဖန်တီးမပေးထားသဖြင့် အဓိပ္ပာယ်မဲ့ နေစေသည်။

၄၇။ တိုင်းရင်းသား လူနည်းစုများ အပါအဝင် နယ်ဘက်တွင်ရှိသော ပြည်သူအများစုတို့သည် ၎င်းတို့၏ မြေယာ များဆိုင်ရာ စာဖြင့် ရေးသားထားသော အထောက်အထားများ လုံလောက်စွာ မရှိသည့်အတွက် အစိုးရသို့ မဟုတ် ပုဂ္ဂလိကကဏ္ဍများမှ ၎င်းတို့၏ မြေယာများကို သိမ်းယူခြင်း ခံရရန် ထိရှလွယ်စေသည်။[25] မြေယာ သိမ်းမှုသည် စိုးရိမ်ရေမှတ် မြင့်မားသည့် နှုန်းထားဖြင့် တိုးပွားနေသည်။ ဧရာဝတီတိုင်းဒေသကြီး အတွင်း၌ပင် မြေဧကပေါင်း ၂၀၀,၀၀၀ ကျော် တို့ကို စက်မှုလုပ်ငန်းနှင့် ဟိုတယ်ဇုန် စီမံကိန်းများ၊ ရထားလမ်း စီမံကိန်းများ၊ ဓါတ်သတ္တုတူး ဖော်ထုတ်ယူခြင်းနှင့် ဌာနဆိုင်ရာရုံးများ၊ တပ်ရင်းချဲ့ထွင်ခြင်းများအတွက် သိမ်းဆည်းခံ ထားရသည်။ အခြား ကြီးကြီးမားမား မြေကြောများမှာ မြန်မာနိုင်ငံ အမြဲစိမ်းသစ်တောများ မြေယာ ချဲ့ထွင်ရေးအတွက် သိမ်းဆည်းခံထားရသည်။ ယင်း အကာအကွယ်ပေးထားသော ဇရိယာကို ဒေသခံပြည်သူများထံ လွတ်လပ်သော၊ ကြိုတင်၍ အသိပေးသော သဘောတူညီချက်ဖြင့် ဖော်ဆောင်ရန် ဥပဒေအမြောက်အများ[26] တို့ဖြင့် လိုအပ်ကြောင်း ပြဋ္ဌာန်းထား[27] သော်လည်း ယင်းသို့ လုပ်ဆောင်ထားခြင်း မဟုတ်ပေ။

၄၈။ လွန်ခဲ့သောနှစ်များအတွင်း မြေယာသိမ်းဆည်းမှုကို ဆန္ဒပြမှုများ တိုးမြင့်လာခဲ့ပြီး ရာနှင့်ချီသော လယ်သမားများသည် ဖမ်းဆီးအရေးယူခံရကာ မြေယာသိမ်းဆည်းမှုများကို ရပ်တန့်ရန် ၎င်းတို့၏ ဆန္ဒပြပိုင်ခွင့်ကို ကျင့်သုံးခြင်းကြောင့် အရေးယူခံရသည်။ စစ်တပ်သည် ခိုလမ်မြို့နယ် အတွင်းရှိ မြို့နယ်များမှ လယ်သမား ၄၇ ဦးနှင့်၊ ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်မြို့နယ်ရှိ လယ်သမား ၇၀ ဦး တို့ကို ရာဇသတ်ကြီးပုဒ်မ ၄၄၇ ကျူးကျော်မှုဖြင့် COVID-19 ကာလအတွင်း၌ပင် အရေးယူခဲ့သည်။

23 NAMATI နှင့် MyJustice Myanmar (၂၀၁၉)။ လယ်သမားအများစုတို့သည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း ဥပဒေစီမံခန့်ခွဲမှုဥပဒေကိုမသိရှိပဲ ပေးချေရန်ရက်သတ်မှတ်ချက်နှင့် မှတ်ပုံတင်စာရင်းသွင်းပိတ်သိမ်းချိန်တို့ကို မသိရှိပါ။ https://namati.org/wp-content/uploads/2019/04/VFV-Policy-Brief-ENG_Final_April.pdf

24 Ibid.

25 Rich Weir (၂၀၁၈( ကျွန်ုပ်တို့ မြေအတွက် ဘာမျှမရှိ - မြေယာသိမ်းဆည်းမှုကြောင့် လယ်သမားများ အပေါ် ထိခိုက်သက်ရောက်မှုများ။ Human Rights Watch။ https://www.hrw.org/report/2018/07/17/nothing-our-land/impact-land-confiscation-farmers-myanmar

26 ယင်းတို့တွင် တိုင်းရင်းသားအခွင့်အရေးအကာအကွယ်ပေးရေးဥပဒေနှင့် နည်းဥပဒေ၊ သစ်တောဥပဒေနှင့် အမျိုးသား မြေယာ အသုံးချမှုမူဝါဒတို့ ပါဝင်သည်။

27 ဌာနေတိုင်းရင်းသား ဓလေ့ထုံးတမ်းအစဉ်အလာအရပိုင်ဆိုင်သောမြေယာအကြောင်း POINT ၏ လေ့လာချက် (သံတောင်ကြီးမြို့နယ်၊ ကရင်ပြည်နယ်)။

၄၉။ သိမ်းဆည်းထားသော မြေယာများနှင့် အခြားမြေများအား စိစစ်ရေးဗဟိုကော်မတီ (CCRCFOL) သည် ထိရောက်မှု မရှိပါ။ ၂၀၁၆ ခုနှစ်တွင် ကော်မတီကို ဖွဲ့စည်းခဲ့အပြီး ခြောက်လအချိန်အတွင်း မြေယာသိမ်းဆည်းမှု ပြဿနာများအားလုံးကို ဖြေရှင်းပေးမည်ဟု အစိုးရက ကြွေးကြော်ခဲ့သည်။ ကော်မတီသည် မြေယာ သိမ်းဆည်းမှုကို ကုစားဖြေရှင်းပေးရန် မူဝါဒ ၄၇ ခု တို့ဖြင့် ကိုင်တွယ်သော်လည်း ယင်းမူဝါဒများသည် ၂၀၁၂ ခုနှစ် မြေယာဥပဒေ အပါအဝင် အခြားသော ဥပဒေများနှင့် ဆန့်ကျင်နေသည်။

## လာမည့် UPR ကာလဖြတ်စက်ဝန်းအတွက် ကျွန်ုပ်တို့သည် အောက်ပါတို့ကိုအကြံပြုသည်။

- ICESCR၊ UNDRIP နှင့် အခြား ကုလသမဂ္ဂပဋိညာဉ်များနှင့်အညီ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ အကျိုးစီးပွားကို ပဓာနထားပြီး တည်ဆဲဥပဒေများနှင့် မူဝါဒများကို ပြင်ဆင်ရန်။
- မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲမှုဥပဒေကို ပယ်ဖျက်ပြီး အမျိုးသားမြေယာ ဥပဒေအသစ်မှ တစ်ဆင့် နိုင်ငံတစ်ဝှမ်း ဓလေ့ထုံးတမ်းအစဉ်အလာအရ ပိုင်ဆိုင်သော မြေယာသက်တမ်းလိုက် လုပ်ကိုင်ပိုင်ခွင့်ကို အပြည့်အဝ အသိအမှတ်ပြုရန်။ ဓလေ့ ထုံးတမ်းအစဉ်အလာအရ ပိုင်ဆိုင်သော မြေယာလုပ်ပိုင်ခွင့်များကို မှတ်တမ်းတင်ရန် ဒီဂျစ်တယ်နည်းပညာသုံး မြေပုံစနစ်ကို ဖော်ဆောင်ရန်။
- အမြဲစိမ်းသစ်တောနယ်မြေများ ချဲ့ထွင်ရန်အတွက် သိမ်းဆည်းထားသော မြေယာများ အပြင် အစိုးရ၊ စစ်တပ်နှင့် ပုဂ္ဂလိက ကဏ္ဍလုပ်ဆောင်သူများမှ သိမ်းဆည်းထားသော မြေများအတွက် အစားထိုး ကုစားမှုပေးရန်။
- ပုဂ္ဂလိကလုပ်ငန်းများမှ မြေယာအသုံးပြုခွင့် မဖြစ်မနေရယူခြင်း အတွက် ပွင့်လင်း မြင်သာမှု သို့မဟုတ် လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ စိတ်ချရသော အကာအကွယ်များ မရှိပဲ ခွင့်ပြုပေးသည့် ဥပဒေများအား ပြင်ဆင်ရန်။

# နိုင်ငံရေးအကျဉ်းသားများ၊ မတရားဖမ်းဆီးခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်း

## နိုင်ငံရေးအကျဉ်းသားများ

၅၀။ မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားပေါင်း ၆၄၇ ဦးရှိသည်။ ၁၄၁ ဦးတို့မှာ အကျဉ်းထဲတွင် တရားခွင် စစ်ဆေးမှု ကြားနာရန် စောင့်ဆိုင်းနေကြပြီး ၄၃၃ ဦး တို့မှာ အကျဉ်းပြင်ပတွင် တရားခွင် စစ်ဆေးမှု ကြား နာရန် စောင့်ဆိုင်းနေကြကာ ၇၂ ဦး တို့မှာ ထောင်ဒဏ်ချမှတ် ခံထားရသည်။ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခြင်းနှင့် လွတ်လပ်စွာ ပြောဆိုခွင့် တို့ကို ကန့်သတ်သည့် ဥပဒေအသစ်များ[28] ကြောင့် ဖမ်းဆီးအကျဉ်းချခံရသည့် နိုင်ငံရေးအကျဉ်းသားများ အရေအတွက် တိုးများလာသည်။ ၎င်းထဲတွင် တက်ကြွလှုပ်ရှားသူများ၊ စာနယ်ဇင်းသမားများနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ ပါဝင်သည်။ ၎င်းတို့ အမြောက်အများတို့မှာ တရားဥပဒေဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုကို လက်လှမ်းမီနိုင်မှု မရှိပဲ မိသားစုများမှ လာရောက် တွေ့ဆုံခွင့်လည်း ဆုံးရှုံးနေသည်။

၅၁။ မြန်မာနိုင်ငံသည် အချို့အပြုသဘောဆောင်သော လုပ်ဆောင်ချက်များ ရှိခဲ့သည်။ နိုင်ငံရေး အကျဉ်းသားများ နှစ်စဉ် သမ္မတလွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြန်လွှတ်ပေးသူများထဲတွင် ပါဝင်သည်။ သို့သော်လည်း ၂၀၁၃ ခုနှစ်တွင် နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးရန် ဖွဲ့စည်းခဲ့သည့် ကော်မတီသည် တိုးတက်မှု အနည်းငယ်သာရှိပြီး အရပ်ဖက်လူမှုအဖွဲ့အစည်း CSO များကို ဖယ်ကျဉ်ထားသည်။ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခြင်းနှင့် လွတ်လပ်စွာ ပြောဆိုခွင့်တို့ကို ကန့်သတ်သည့် ဥပဒေအသစ်များကြောင့် အကျဉ်းချ ထိန်းသိမ်းခံရသော နိုင်ငံရေးအကျဉ်းသားများ တိုးများလာသည်။

28 Linda Lakhdhir (၂၀၁၉)။ ကြေမွသွားသောမျှော်လင့်ချက်များ - မြန်မာနိုင်ငံရှိ ငြိမ်းချမ်းစွာထုတ်ဖော် ပြောဆိုခြင်းအား ရာဇဝတ်မှုသတ်မှတ်အပြစ်ပေးခြင်း။ Human Rights Watch။ https://www.hrw.org/ report/2019/01/31/dashed-hopes/criminalization-peaceful-expression-myanmar

## မတရားဖမ်းဆီးထိန်းသိမ်းခြင်း

၅၂။ မတရားဖမ်းဆီးမှုများ၊ အထူးသဖြင့် ပဋိပက္ခသက်ရောက်မှု ရှိသော နယ်မြေဒေသများတွင်၊ တစ်ဟုန်ထိုး တိုးမြင့်လာခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့များသည် နယ်မြေအတွင်း လှုပ်ရှားနေသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ၏ သတင်းအချက်အလက်များ ရယူရန်အတွက် အရပ်သားများအား ပုံမှန်ခြိမ်းခြောက်ခြင်းနှင့် ထိန်းသိမ်းခြင်း တို့ကို ပြုလုပ်သည်။

## ညှဉ်းပန်းနှိပ်စက်ခြင်း

၅၃။ မြန်မာနိုင်ငံသည် ၎င်း၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်တွင်းဥပဒေများထဲတွင် ညှဉ်းပန်းနှိပ်စက်မှုကို တားမြစ်ပိတ်ပင်ထားပြီး ဖြစ်သော်လည်း အသက်ဝင်မှု မရှိပါ။ ညှဉ်းပန်းနှိပ်စက်မှုသည် အကျဉ်းထောင်များ၊ အချုပ်များနှင့် စုံစမ်းစစ်ဆေးရေးစခန်းများ တို့တွင် အများဆုံးဖြစ်ပြီး ရဲများနှင့် စစ်ဘက်ဆိုင်ရာ ဖမ်းဆီးထိန်းသိမ်းသည့် နှစ်နေရာစလုံးတွင် နိုင်ငံရေးအကျဉ်းသားများ အပေါ် အသုံးပြုကြသည်။

၅၄။ အချုပ်သားများသည် ရိုက်နှက်ခြင်း၊ လျှပ်စစ်လျှော့ရိုက်ခြင်း၊ အိပ်ရေးပျက်စေခြင်း၊ အစာရေစာ အငတ်ထားခြင်း တို့ကို ခံကြရသည်။ ၂၀၁၉ ခုနှစ်တွင် အနည်းဆုံး တစ်သီးပုဂ္ဂလ ၄၂ ဦး တို့သည် ညှဉ်းပန်း နှိပ်စက်ခံရပြီး ရဲများမှ ထိန်းသိမ်းထားခံရစဉ် ၁၀ ဦးတို့မှာ သေဆုံးသွားကြောင်း အစီရင်ခံချက်များ ရှိသည်။ ၁၅ ဦး တို့သည် ရခိုင်ပြည်နယ်ရှိ စစ်တပ်ဖက်မှ ဖမ်းဆီး ထိန်းသိမ်းထားကြောင်း သတင်းပေး ပို့ချက်များ ရှိပြီး စင်စစ် ဖမ်းဆီး ထိန်းသိမ်းခံရသည့် အရေအတွက်မှာ ၎င်းထက် ပိုများနိုင်သည်။

၅၅။ ထိခိုက်နစ်နာသူများ သို့မဟုတ် သေဆုံးသွားသူများ၏ မိသားစုဝင်များအတွက် မည်သည့် တရားဥပဒေဆိုင်ရာ ကုစားမှုမျိုးမှ မရရှိပါ။ အမှုများသည် တရားရုံးသို့ ရောက်လေ့မရှိပဲ ရောက်သွားသည့် အမှုများတွင် ထိခိုက်နစ်နာသူများသည် ခြိမ်းခြောက်ခြင်း သို့မဟုတ် အသရေဖျက်မှုအတွက် ပြန်လည် တရားစွဲဆိုခြင်း တို့ကို ခံကြရသည်။

၅၆။ ထို့အပြင် မြန်မာနိုင်ငံတွင် နေ့စဉ်လူပေါင်း ၁၅၀ နီးပါး ဖမ်းဆီးခံနေရပြီး အကျဉ်းထောင် လူထူထပ်ခြင်းကို ဖြစ်ပေါ်စေကာ လူမဆန်သော ဆက်ဆံမှုများကို ပိုမို ဆိုးရွားစေသည်။

### လာမည့် UPR ကာလဖြတ်စက်ဝန်း အတွက် ကျွန်ုပ်တို့သည် အောက်ပါတို့ကို အကြံပြုသည်။

- အကျဉ်းထောင် အခြေအနေ၊ အနေအထားများအား လွတ်လပ်သော နိုင်ငံတကာ စောင့်ကြည့်လေ့လာရေးကို ခွင့်ပြုရန်နှင့် ၎င်းတို့မှအကြံပြုသည့်အတိုင်း ပြောင်းလဲမှုများကို အကောင်အထည်ဖော်လုပ်ဆောင်ရန်။
- အကျဉ်းချထားစဉ်နှင့် လွတ်မြောက်လာပြီးနောက်တွင် နိုင်ငံရေးအကျဉ်းသားများ အားလုံးအတွက် လုံလောက်သော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုများ ပေးအပ်ကြောင်း သေချာအောင် လုပ်ဆောင်ရန်။
- နိုင်ငံရေး တက်ကြွလှုပ်ရှားသူများအား စွဲဆိုထားသော အမှုများအားလုံး ပယ်ဖျက်ရန်။ မတရား ဖမ်းဆီးထိန်းသိမ်းခံရသော နိုင်ငံရေးအကျဉ်းသားများ အားလုံးကို ချက်ချင်း လွှတ်ပေးရန်။
- ကျန်ရှိနေသော နိုင်ငံရေးအကျဉ်းသားများအား စစ်ဆေးစိစစ်ရေးအတွက် ပူးပေါင်းကော်မတီကို အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပါဝင်မှုဖြင့် ပြန်လည်ဖော်ဆောင်ရန်။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တရားစီရင်ရေးစနစ်

၅၇။ တရားစီရင်ရေးသည် အုပ်ချုပ်ရေးပိုင်း သို့မဟုတ် စစ်ဘက်ဆိုင်ရာမှ လွတ်လပ်မှု အနည်းငယ်မှသည် လုံးဝမရှိသည့် အနေအထားဖြစ်သည်။ အခွင့်အာဏာအပေါ် စစ်ဆေးခြင်းနှင့် ထိန်းညှိခြင်း အစား တရားစီရင်

ရေးစနစ်သည် ယင်း ပါဝါကြီးမားသော အင်အားများအား နေရာပေးထားပြီး နိုင်ငံရေး ဖိအားပေးမှုနှင့် မလျော်သြဇာသုံးခြင်းတို့ကို ဖြစ်ပေါ်စေသည်။ တရားဥပဒေ လုပ်ငန်းစဉ်တွင် စစ်တပ်ဘက်မှ ပါဝင်ခြင်းကို အတွေ့ရများပြီး ယခင် စစ်မှုထမ်းဟောင်းများကို တရားစီရင်ရေးတွင် အခွင့်အာဏာကြီးမားသော ရာထူးနေရာများတွင် ခန့်အပ်ထားသည်။ အမြင့်ဆုံး တရားရုံးချုပ်သည် ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော တရားစီရင်ရေးမဟာဗျူဟာ ငါးနှစ်တာ အစီအစဉ်အောက် ၎င်း၏ အမှီသဟဲကင်းမှုကို ပြန်လည်အကဲဖြတ်ဆန်းစစ်မည်ဟု ကြေညာထားသော်လည်း တိုးတက်မှုကို စောင့်ကြည့်ရဦးမည် ဖြစ်သည်။

၅၈။ အစိုးရ၏ ကတိကဝတ်ပြုမှုများ[29] ရှိသော်ငြားလည်း အကျင့်ပျက်ချစားမှုများနှင့် လာဘ်ပေးလာဘ်ယူမှုများသည် စိန်ခေါ်မှုများ ဆက်ဖြစ်နေသည်။ သတင်းပေးသူများ အကာအကွယ်ပေးရေး ဥပဒေများ၊ သတင်းအချက်အလက် ရယူပိုင်ခွင့်ဥပဒေနှင့် ပိုင်ဆိုင်မှု ဖွင့်ဟထုတ်ပြန်ရေးဥပဒေ/ မူဝါဒ စသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များသည် အကောင်အထည် မဖော်ပဲ ကျန်ရှိနေသည်။

၅၉။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (ACC) သည် လူသိများသော အမှုများအား လိုက်လံ လုပ်ဆောင်ခြင်းနှင့် ပုဂ္ဂလိကလုပ်ငန်းများ အထိ ၎င်း၏ လုပ်ပိုင်ခွင့်တာဝန်ကို ဖြန့်ကျက်ခြင်း စသည့် အထင်ကရ ကြိုးပမ်းအားထုတ်မှုများ ရှိသော်လည်း လူအများ၏ နေ့စဉ်ဘဝ အပေါ် သက်ရောက်မှု ရှိသည့် အဂတိလိုက်စားမှုများအား အစိုးရ၏ အရေးယူဆောင်ရွက်ခြင်း မရှိသောကြောင့် စိတ်ပျက်စပြုလာကြသည်။ အဂတိလိုက်စားမှုကာကွယ်ရေးအဖွဲ့ (CPUs) များနှင့် စပ်လျဉ်းသည့် ပွင့်လင်းမြင်သာမှုနှင့် ကြိုးပမ်းအားထုတ်မှုများမှာလည်း ယေဘုယျအားဖြင့် မရှိပါ။ အဂတိလိုက်စားမှုအမှုများတွင် ပါဝင်ပတ်သက်နေသည့် အစိုးရတာဝန်ရှိသူများသည် တရားဥပဒေရေးရာ နောက်ဆက်တွဲ အရေးယူခံရမှုများမှ ကင်းလွတ်အောင်ရှောင်ခွင်းနိုင်နေသေးသည်။

၆၀။ ၂၀၁၃ ခုနှစ်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်ခဲ့သော်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး လူထုအသိအမြင် နိုးကြားမှု ဆောင်ရွက်ချက်များ နည်းပါး နေသေးသည်။ လာဘ်ပေးလာဘ်ယူမှုများကို တိုင်ကြားသည့် ဖြစ်စဉ်သည် ရှင်းလင်းမှု မရှိပဲ လူအများအနေဖြင့် သိရှိမှု ဗဟုသုတနှင့် သက်ဆိုင်ရာ လမ်းကြောင်းများအား ရယူလက်လှမ်းမီနိုင်မှု အကန့်အသတ်ရှိ၊ နည်းပါးသည်။

## လာမည့် UPR ကာလဖြတ်စက်ဝန်းအတွက် ကျွန်ုပ်တို့သည် အောက်ပါတို့ကို အကြံပြုသည်။

- ငါးနှစ်တာ တရားစီရင်ရေး မဟာဗျူဟာအစီအစဉ် အောက်တွင် အုပ်ချုပ်ရေးနှင့် စစ်ဘက်ဆိုင်ရာ အောက်မှ အမှီသဟဲကင်းလွတ်ကြောင်း သေချာအောင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်။
- တရားရုံးအမှု စီရင်ရေးများအား ပြည်တွင်းနှင့် နိုင်ငံတကာ မျှတသော တရားခွင်ကြားနာရေး စံချိန်စံနှုန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များမှ ပုံမှန် အချိန်မှန်ဖြစ်သော၊ ပွင့်လင်းမြင်သာသောနှင့် လွတ်လပ်သော လေ့လာစောင့်ကြည့်ခြင်း အတွက် ယန္တရားများ ဖော်ဆောင်ရန်။
- အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အောက်တွင် ရှင်းလင်းသောနှင့် ရယူ လက်လှမ်းမီလွယ်သော အများပြည်သူ တိုင်ကြားရေးယန္တရားကို ဖော်ဆောင်ပြီး တိုင်းနှင့် ပြည်နယ်များ အားလုံးတွင် ရုံးခွဲများ ချဲ့ထွင်ထားရှိရန်။
- အဂတိလိုက်စားမှု အလေ့အထများအား ဖော်ထုတ်သည့် အသိပေးတိုင်ကြားသူများအား တရား ဥပဒေအရ အကာအကွယ်ပေးကြောင်း သေချာစေရန်။

29 မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးစာချုပ် (UNCAC) ကို ၂၀၁၂ ခုနှစ် တွင် အတည်ပြုလက်မှတ်ရေးထိုးထားပြီး ဆန္ဒသဘောအလျောက် အကောင်အထည်ဖော်မှု သုံးသပ်ခြင်း ယန္တရားတွင် ပါဝင် အစီရင်ခံသည်။

## မသန်စွမ်းသူများအခွင့်အရေး

၆၁။ CRPD ကို လက်မှတ်ရေးထိုးထားသည့် စာချုပ်အဖွဲ့ဝင် နိုင်ငံတစ်ခု ဖြစ်သည့် မြန်မာနိုင်ငံသည် မသန်စွမ်း ဥပဒေနှင့် နည်းဥပဒေများကို အမျိုးမျိုးသော ဌာနဆိုင်ရာ၊ ဒေသတွင်းနှင့် ပြည်တွင်း အသင်းအဖွဲ့များနှင့်အတူ ဖော်ဆောင်နေသည့် လုပ်ငန်းစဉ်တွင် ရှိနေသည်။ မြန်မာနိုင်ငံသည် မသန်စွမ်းသူများ အားလုံးအတွက် ပညာ သင်ကြားနိုင်ရေးကို သေချာအောင် လုပ်ဆောင်ရန် ယခင် UPR ကာလဖြတ်စက်ဝန်းပါ အကြံပြုချက်ကို လက်ခံခဲ့သော်လည်း တိုးတက်မှု အနည်းငယ်သာ ရှိပြီး မသန်စွမ်းသူ အများစုတို့သည် စားနပ်ရိက္ခာ၊ နေထိုင် စရာ၊ အဝတ်အစားနှင့် ကျန်းမာရေး စောင့်ရှောက်မှု စသည်တို့ အပါအဝင် အခြေခံလိုအပ်ချက်များ အတွက် ရုန်းကန်နေရဆဲ ဖြစ်သည်။ COVID-19 ကပ်ရောဂါနှင့်သက်ဆိုင်သည့် အရေးကြီးသော ကျန်းမာရေး သတင်း အချက်အလက် များအား အစိုးရမှ အသိမပေးကြောင်းကိုလည်း အမြောက်အများ သတင်းပေးပို့ အစီရင်ခံ ထားသည်။

၆၂။ ၂၀၁၄ ခုနှစ်တွင် မိတ်ဆက်ခဲ့သည့် မသန်စွမ်းသူများ ထောက်ပံ့စရိတ်[30] ရှိသော်လည်း မသန်စွမ်းသူများ အတွက် အများပြည်သူ ဝန်ဆောင်မှုအများစုတို့မှာ အကန့်အသတ်ရှိသည်။ လက်ရှိ အဆောက်အဦးနေရာ များသည် ၎င်းတို့ ရွေ့လျားသွားလာနိုင်မှု၊ အများပြည်သူ ဝန်ဆောင်မှုများနှင့် သယ်ယူပို့ဆောင်ရေးကို ရယူ အသုံးပြုနိုင်မှုတို့ကို အကန့်အသတ်ရှိစေသည်။ မသန်စွမ်းသူအများစု (၈၅%) တို့သည် ကျောင်းပညာရေး မရရှိကြပါ။ အများစုတို့သည် အလုပ်ရှင်များနှင့် စီးပွားရေးလုပ်ငန်းပိုင်ရှင်များမှ ခွဲခြားဆက်ဆံမှုနှင့် ခေါင်းပုံ ဖြတ်မှုတို့ကြောင့် အလုပ်အကိုင် ရရှိနိုင်ချေလည်း[31] နည်းပါး သည်။ ၎င်းတို့အတွက် ဦးတည်သည့် အသက် မွေးဝမ်းကျောင်းဆိုင်ရာ သို့မဟုတ် သင်တန်း အစီအစဉ်များ မရှိသဖြင့် ၎င်းတို့အား ကျွမ်းကျင်မှု စွမ်းရည်နိမ့် အလုပ်အကိုင်များတွင်သာ လုပ်ကိုင်ရန် ကန့်သတ်နေစေသည်။

### လာမည့် UPR ကာလဖြတ်စက်ဝန်းအတွက် ကျွန်ုပ်တို့သည် အောက်ပါတို့ကိုအကြံပြုသည်။

- မသန်စွမ်းသူများ ရယူ လက်လှမ်းမီနိုင်ကြောင်းနှင့် ဝင်ထွက်သွားလာ အသုံးပြုနိုင်ကြောင်း သေချာအောင် သယ်ယူပို့ဆောင်ရေး၊ ဆေးရုံများနှင့် ဘာသာရေးအဆောက် အဦးနေရာများ စသည်တို့ အပါအဝင် အများ ပြည်သူနေရာများနှင့် အများပြည်သူ ဝန်ဆောင်မှုပေးသည့် နေရာများအား ပုံ သဏ္ဍာန် ပြန်လည် ပြုပြင် မွမ်းမံပါ။
- လုပ်ငန်းခွင် ခွဲခြားဆက်ဆံမှုကို တားမြစ်သည့်ဥပဒေများကို ဖော်ဆောင်ပြီး အားလုံး အကျုံးဝင် ပါဝင်နိုင် သော လုပ်ငန်းခွင်များ ဖန်တီးကာ မသန်စွမ်းသူများအား ပိုမိုငှားရမ်းရန် လုပ်ငန်းရှင်များအား တိုက်တွန်းပါ။
- သင်ထောက်ကူပစ္စည်းများနှင့် ကျောင်းစာသင်ခန်းများသည် မသန်စွမ်းသူကလေးများ အတွက် ကိုက်ညီ အောင် ပြင်ဆင်ထားကြောင်း သေချာအောင် လုပ်ဆောင်ပါ။ မသန်စွမ်းသူများအား နည်းပညာနှင့် အသက် မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုစွမ်းရည်များ ရရှိအောင် အထောက် အကူပြုမည့် သင်တန်း ကျောင်းများနှင့် အသက်မွေးဝမ်းကျောင်း စင်တာများ တည်ထောင်ပါ။

---

30 Help Agent International (၂၀၁၈)။ မြန်မာနိုင်ငံတွင် မသန်စွမ်းမှုနှင့် သက်ကြီးရွယ်အိုမှု။ Help Age International https://www.lift-fund.org/sites/lift-fund.org/ les/Policy_brief_eng/Disability%20and%20Ageing%20Myanmar_ Brie ng.pdf

31 ပြည်ထောင်စုမြန်မာနိုင်ငံ (၂၀၁၄)။ မသန်စွမ်းသူများ မူဝါဒရှင်းလင်းချက်။ ပြည်ထောင်စုမြန်မာနိုင်ငံ။ https://myanmar.unfpa.org/sites/default/files/pub-pdf/policy%20brief%20and%20infographics_Disbility.pdf

LWF နှင့် ပူးတွဲလုပ်ဆောင်သည်

မျက်နှာဖုံး ဓာတ်ပုံကို fidh.org က ယူပါသည် > >